# ရာသီဥတုပြောင်းလဲခြင်းနှင့် REDD+ တွင် သာတူညီမျှမှုရှိစေခြင်း

## ဒေသခံများအားပံ့ပိုးကူညီနေသူများအတွက် လက်စွဲစာအုပ်

**အမေးအဖြေများ**



USAID
FROM THE AMERICAN PEOPLE

Norad

RECOFTC
THE CENTER FOR PEOPLE AND FORESTS

ရာသီဥတုပြောင်းလဲခြင်းတွင်သင့်တင့်မျှတစေခြင်းနှင့် REDD+ဒေသခံများအား ပံ့ပိုးကူညီသူများ လက်စွဲ

မေးခွန်းများနှင့်အဖြေများ

မူပိုင်ခွင့် © RECOFTC နိုဝင်ဘာ ၂၀၁၄

ဘန်ကောက်၊ထိုင်းနိုင်ငံ

RECOFTC ၏ ခါတ်ပုံများအားလုံး

ယခုစာအုပ်အားပြန်လည်ထုတ်ဝေရာတွင် ပညာပေးရန်အတွက်နှင့်အခြားစီးပွားရေး အတွက် မဟုတ်လျှင် စာအုပ်၏မူလရင်းမြစ်ကို ပြည့်ဝစွာအသိမှတ်ပြုကြောင်း ဖော်ပြပြီး မူပိုင်ခွင့်ပိုင်ဆိုင်သူ့ထံမှ တင်ကြိုခွင့်ပြုချက်တစ်စုံတစ်ရာ ရယူရန်မလိုပဲ ထုတ်ဝေနိုင်ပါသည်။ စီးပွားရေးရည်ရွယ် ချက်ဖြင့် ထုတ်ဝေလိုပါက မူပိုင်ခွင့် ကိုင်ဆောင်ထားသူထံမှ ရေးသားဖော်ပြထားသည့် ခွင့်ပြုချက် မရဘဲ ထုတ်ဝေခြင်းကို တားမြစ်ပါသည်။

ဤစာအုပ်ကို USAID ရံပုံငွေပံ့ပိုးသော မဲခေါင်ဒေသတွင်း အောက်ခြေကျေးလက် သင့်တင့် မျှတစေခြင်း နှင့် တိုးပွားစေခြင်း ကွန်ယက် အစီအစဉ် နှင့် Norad(ဖွံ့ဖြိုး မှုကော်ပိုရေးရှင်း နော်ဝေဂျီယမ် အေဂျင်စီ)က ရံ့ပုံငွေထောက်ပံ့သည့် RECOFTC ၏ အာရှဒေသအတွင်း ရက်ဒ်ပလပ်(စ) အတွက် အောက်ခြေလူတန်းစားများ စွမ်းဆောင်ရည်တည်ဆောက်ခြင်း စီမံကိန်း တို့က ရေးသားပြုစုထုတ်ဝေပါ သည်။ စာအုပ်ပါ အမြင်များသည် Norad၊USAID နှင့် RECOFTC ခေါ် လူထုနှင့် သစ်တောဗဟိုဌာနတို့အပေါ် ထင်ဟပ်ခြင်းမရှိပါ။ မူလအင်္ဂလိပ်မူဖြင့်ပုံနှိပ်ခြင်းမှ အခြားဘာသာစကားများသို့ ပြန်ဆိုထုတ်ဝေခြင်းကြောင့်ဖြစ်ပေါ်သည့် အလွဲအချော် များနှင့် ကျန်ရှိသည့်အကောက်အယူ တစ်စုံတစ်ရာကိုမျှ တာဝန်ခံခြင်း မရှိပါ။

# ကျေးဇူးတင်စကား

RECOFTC အနေဖြင့် အခြေခံလူတန်းစားများ REDD+ ဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်းကို ငွေကြေးအထောက်အကူပေးသည့် Norad နှင့် မဲခေါင်စိမ်းလန်းရေးအစီအစဉ်ကို ငွေကြေးထောက်ပံ့ပေးသော USAID ကို ကျေးဇူးဥပကာရတင်ရှိကြောင်းမှတ်တမ်းတင်အပ်ပါသည်။

# ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်

ဒေသခံများအား ပံ့ပိုးကူညီနေသူများအတွက် ရည်ရွယ်၍ ထုတ်ဝေထားသော ရာသီဥတုပြောင်းလဲခြင်းနှင့် REDD+ တွင် သာတူညီမျှမှုရှိစေခြင်း အမေးအဖြေလက်စွဲစာအုပ်သည် "Equity in Climate Change and REDD+; A handbook for grassroots facilitator; Question and Answer booklet" အား မူရင်း အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ဤလက်စွဲစာအုပ်သည် RECOFTC ၏ ဒေသတွင်းအစီအစဉ်နှစ်ခုဖြစ်သောမဲခေါင်ဒေသတွင်းအောက်ခြေ ကျေးလက်သင့်တင့်မျှတစေခြင်း နှင့် တိုးပွားစေခြင်း ကွန်ယက် အစီအစဉ်နှင့် Norad (ဖွံ့ဖြိုးမှု ကော်ပိုရေးရှင်း နော်ဝေဂျီယမ် အေဂျင်စီ)က ရံပုံငွေ ထောက်ပံ့သည့် RECOFTC ၏ အာရှဒေသအတွင်း အခြေခံ လူတန်းစားများအတွက် REDD+ဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ခြင်း စီမံကိန်းနှစ်ခုတို့၏ ပူးပေါင်းလုပ် ဆောင်မှုမှပေါ်ထွက်လာသော ရလာဒ်တစ်ခုဖြစ်ပါ သည်။ ဤလက်စွဲ အမေးနှင့်အဖြေလက်စွဲစာအုပ်၏ ရည်ရွယ်ချက်မှာ အထူးသဖြင့် သစ်တော ပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းကြောင့် ကာဗွန်ထုတ်လွှတ်မှု လျော့ကျစေခြင်း (REDD+[၁]) အစီအစဉ်၊ ရာသီဥတုပြောင်းလဲမှုလျော့ချခြင်း လုပ်ဆောင်ရာတွင် လူမှုဆိုင်ရာ မျှတရေး မြှင့်တင်သည့် သင်တန်းအစီအစဉ်များပို့ချကြသည့် အောက်ခြေကျေးလက် ပံ့ပိုးကူညီသူများကို အထောက် အကူပေးနိုင်စေရန် ရည်ရွယ်ပါသည်။ ထို့အတူ ခရိုင်တစ်ခု သို့မဟုတ် မြို့နယ်တစ်ခုရှိ အဓိက ပါဝင်ပါတ်သက်သူများ အထူးသဖြင့်ရာသီဥတုပြောင်းလဲမှုလျော့ချခြင်းလုပ်ငန်းများ နှင့် ဖွံ့ဖြိုးဖြစ်ပေါ်စေရေး ဆက်စပ်သစ်တောစီမံခန့်ခွဲမှုအလေ့အထများတွင် သင့်တင့်မျှတခြင်းကို မြှင့်တင်စေမည့် ဒေသန္တရ နှင့် ဒေသ တွင်းအဆင့်သင်ယူရေး ဖြစ်စဉ်များ၌ ပေါင်းစပ်မြှင့်တင်လုပ်ဆောင်ပေးရသည့် သစ်တောဌာန အရာရှိ များအတွက် လွယ်ကူလျင်မြန်စွာ ကိုးကားနိုင်စေမည့် အထောက်အကူစာအုပ်တစ်အုပ်လည်းဖြစ်ပါသည်။

REDD+ချဉ်းကပ်မှုနည်းလမ်းနှင့်ပတ်သက်သည့် ထုတ်ဝေမှုအများအပြား ရရှိနိုင်ပါသည်။ မကြာသေးမီကပင် REDD+ နှင့်ဆက်စပ်သည့် သင့်တင့်မျှတခြင်းကိစ္စရပ်များကို ထုတ်ဝေ ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း အောက်ခြေကျေးလက်ရှိ ပါဝင်ပါတ်သက်သူများအနေဖြင့် REDD+နှင့် သင့်တင့်မျှတစေခြင်းဖြင့် သက်ဆိုင်သော တိကျမှန်ကန်ပြီး အသင့်အလွယ်တကူ ဖတ်ရှုနိုင်သည့် လက်လှမ်းမီနိုင်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေဆဲဖြစ်ပါသည်။ အကျိုးဆက် အားဖြင့် မိမိတို့ကျေးလက် ဒေသန္တရအဆင့်၌ သင့်တင့်မျှတမှုကို တိုးမြှင့် လုပ်ဆောင်ရာတွင် သင့်လျော်သည့် သတင်းအချက်အလက်များကို နားလည်ခြင်းနှင့် သုံးစွဲခြင်းတို့မှာ အောက်ခြေကျေးလက်နေပါဝင်သူတို့အတွက် စိန်ခေါ်ချက်တစ်ရပ်ဖြစ်နေပါသည်။ ထို့အပြင် လူမှုသင့်တင့်မျှတစေခြင်းမှာ ရှုပ်ထွေးသောအယူအဆတစ်ရပ်ဖြစ်ပြီး အတိုင်းအတာတစ်ရပ်အားဖြင့် အတွေးအခေါ် ဆန်ဆန် ထိတွေ့၍မရချေ- ထို့ကြောင့် ဒေသန္တရအဆင့်၌ လွယ်ကူစွာနားလည်နိုင်ပြီး ပြန်လည်ဝေမျှပြောဆို နိုင်မည့် ပိုမိုရိုးရှင်းသော ရှင်းလင်းချက်များ မရှိမဖြစ်လိုအပ်လာပါသည်။

ဒေသတွင်းရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းများ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အပါအဝင် အောက်ခြေကျေးလက်သူ၊ ကျေးလက်သားတို့၏ စွမ်းဆောင်ရည်နည်းပါးခြင်းက ၎င်းတို့၏ အမြင်များနှင့် ပါဝင်လုပ်ဆောင်လိုစိတ်ပြင်းပြမှုများကို မူဝါဒရေးဆွဲသူများ ထိရောက်စွာဖော်ပြ ပြောဆိုနိုင်မည် မဟုတ်ပါ။ ဤအချက်က ၎င်းတို့ကို ကိုယ်ကျိုးစီးပွားရှာသူများ၏ အသုံးချခံရနိုင်၍ ထိခိုက်နစ်နာလွယ်စေပါသည်။

ထို့ကြောင့် ယခုမေးခွန်းနှင့်အဖြေများလက်စွဲစာအုပ်က ရည်ရွယ်သည်မှာ သစ်တောများ၊ ရာသီဥတု ပြောင်းလဲမှု နှင့် REDD+စသည့် နောက်ခံအခြေအနေပေါ်မူတည်ပြီး လူမှုသင့်တင့်မျှတစေခြင်းဆိုင်ရာ အဓိက ကျသည့် အမြင်များကို ရိုးစင်းသည့်ရှင်းလင်းတင်ပြချက်များဖြင့် တင်ပြပေးနိုင်စေရေးဖြစ်ပါသည်။

---

၁ REDD+တွင် သစ်တောပြုန်းတီးခြင်း နှင့် သစ်တောဆုတ်ယုတ်လာခြင်းများအပြင် ထိန်းသိမ်းကာကွယ်ခြင်း၊ ရေရှည်တည်တံ့သည့် သစ်တောစီမံခန့်ခွဲမှု သစ်တောကာဗွန်အစုအဝေးများတိုးပွားလာစေရေး တို့ လည်း ပါဝင်ပါသည်။

# စာအုပ်ကိုဖွဲ့စည်းထားပုံ

ဤစာအုပ်တွင် အမေးအဖြေ ၁၈ ခု ပါဝင်ပါသည်။ ထိုမေးခွန်းများကို အောက်ခြေကျေးလက်ပံ့ပိုးကူညီသူများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များကို ဖြေရှင်းပေးရေး မူလရည်ရွယ်ချက်နှင့် ကိုက်ညီအောင် ပြုစုထားပြီး ယင်းမေးခွန်းများက သစ်တောနှင့် ရာသီဥတုပြောင်းလဲမှုအခြေအနေတွင် လူမှုသင့်တင့်မျှတစေ ခြင်းအကြောင်း အခြေခံကျသော မေးခွန်းအချို့ကို ဖြေရှင်းပေးထားပါသည်။ တစ်ချိန်တည်းမှာပင် ရာသီဥတု ပြောင်းလဲမှုအကျိုးသက်ရောက်မှုများနှင့် REDD+နှင့် ပါတ်သတ်ပြီး အောက်ခြေကျေးလက်ပါဝင်ပါတ်သက်သူ တို့ကို သင့်တင့်မျှတစေခြင်း၊ ပါဝင်ပူးပေါင်းလုပ်ဆောင်ခြင်း နှင့် လူမှု အကျိုးဝင်ခြင်းတို့ကို မြှင့်တင်ပေးနိုင်စေရန် အားပေးထားပါသည်။ မေးခွန်းများကို အောက်ပါအတိုင်း စီစဉ်ထားရှိပါသည်။

**ကဏ္ဍ ၁။ ။ အခြေခံကဏ္ဍ** တွင် လူမှုမျှတခြင်း၏ သဘောတရားများ၊ ၎င်း၏ အတိုင်းအတာများ နှင့် သစ်တော များ၊ ရာသီဥတုပြောင်းလဲမှုနှင့်REDD+အခြေအနေတွင် သာတူညီမျှမှုနှင့် မည်သို့ကွာခြားသည် စသည်တို့ကို ရှင်းလင်းတင်ပြထားပါသည်။

**ကဏ္ဍ ၂။ ။ သစ်တောများ၊ရာသီဥတုပြောင်းလဲမှုနှင့်REDD+အခြေအနေတွင် သင့်တင့်မျှ တစေခြင်းကဏ္ဍ** တွင် ယေဘူယျအားဖြင့် သစ်တောကဏ္ဍတွင် သင့်တင့်မျှတစေခြင်းအယူအဆ ပေါ်ပေါက်လာပုံနှင့် ကြောင်းကျိုးဆက်စပ်မှု၊သစ်တော၊ရာသီဥတုပြောင်းလဲမှု နှင့် REDD+ကို မြှင့်တင်ရသည့် အဓိကအကြောင်းရင်းများ စသည်တို့ကို အထူးအလေးပေးတင်ပြထားပါသည်။

**ကဏ္ဍ ၃။ ။ မူဝါဒနည်းနာများ နှင့် ဆက်စပ်စိန်ခေါ်ချက်များကဏ္ဍ**တွင် သင့်လျော်သည့် နိုင်ငံတကာ နှင့် ဆက်စပ်နေသည့် မူဝါဒ နည်းနာများ ကို ရာသီဥတုပြောင်းလဲမှုနှင့် REDD+တွင် သင့်တင့်မျှတစေခြင်း နှင့် အောက်ခြေကျေးလက်အဆင့်ရှိ ဆက်နွယ်နေသည့် စိန်ခေါ်ချက်များကို အားပေးမြှင့်တင်နိုင် စေရန် အတွက် ရှင်းလင်းတင်ပြထားပါသည်။

**ကဏ္ဍ ၄။ ။ သင့်တင့်မျှတစေခြင်းကိုတိုးတက်ဖြစ်ထွန်းစေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုကဏ္ဍ** တွင် သင့်တင့်မျှတစေခြင်းကို တိုးတက်စေရန်နှင့်ပွားများစေရန် အောက်ခြေကျေးလက်အဆင့် စွမ်းဆောင်ရည်မြှင့်တင်မှုအတွက် အဓိကကျသည့် စဉ်းစားသုံးသပ်မှုများနှင့်လိုအပ်ချက်များကို အလေးပေး ဖော်ပြထားပါသည်။ ဤကဏ္ဍတွင် ရာသီဥတုပြောင်းလဲမှုနှင့် REDD+ လုပ်ငန်းစဉ်အတွက်သင့်တင့်မျှတစေခြင်း၏ တန်ဖိုးများ၊ အခြေခံစည်းမျဉ်းစည်းကမ်းများ၏ ထိရောက်မှု နှင့် တစ်သားတည်းထည့်သွင်းလုပ်ဆောင်မှုတို့ကို စောင့်ကြည့်လေ့လာခြင်းအတွက် အဓိကကျသည့် စံနှုန်းများ နှင့် ညွှန်ကိန်းများ စသည်တို့ကိုလည်း ဆွေးနွေးတင်ပြထားပါသည်။ ထို့အပြင် ဒေသတွင်းအစီအစဉ် နှစ်ခုဖြစ် သော အခြေခံလူတန်းစားများ၏REDD+ဆိုင်ရာစွမ်း ဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း နှင့် မဲခေါင်စိမ်းလန်းရေးအစီအစဉ်တို့က သစ်တောနှင့်ရာသီဥတုပြောင်းလဲမှုတွင် သင့်တင့်မျှတစေခြင်းကို မြှင့်တင်လုပ်ဆောင်နိုင်ရေးအတွက် မည့်သို့မည်ပုံ ပေါင်းစပ်ပံ့ပိုးကြကြောင်းကိုလည်း ထင်ရှားသိသာအောင်တင်ပြပေးထားပါသည်။

# အဓိကမေးခွန်း(၁၀)ခု





## ကဏ္ဍ ၁။ သင့်တင့်မျှတစေခြင်း၏ အခြေခံနားလည်မှု

**မေးခွန်း (၁)** (EQUITY)သာတူညီမျှမှုရှိခြင်း ဆိုသည်မှာ အဘယ်နည်း။ တန်းတူ ညီမျှခြင်း (EQUALITY) နှင့် မည်သို့ ကွာခြားသနည်း။

**မေးခွန်း (၂)** သာတူညီမျှမှုရှိခြင်း၏ အတိုင်းအတာမှာ အဘယ်နည်း

## ကဏ္ဍ ၂။ သစ်တော၊ရာသီဥတု ပြောင်းလဲမှုနှင့် REDD+ တွင် သာတူညီမျှမှုရှိစေခြင်း

**မေးခွန်း (၃)** သစ်တောအခြေပြုရာသီဥတု ပြောင်းလဲမှု လျော့ချရေး လုပ်ငန်းများတွင် သာတူညီမျှရှိမှု တိုးတက်စေရေး အတွက် အခြေခံ အကြောင်းတရားများမှာ အဘယ်နည်း

**မေးခွန်း (၄)** သစ်တောအခြေပြုရာသီဥတုပြောင်းလဲမှု လျော့ချရေးလုပ်ငန်းများတွင် အဓိကကျသော အကြောင်းအရာများမှာ အဘယ်နည်း။

**မေးခွန်း (၅)** သာတူညီမျှမှုမရှိခြင်းကအောက်ခြေကျေးလက်လူထုများ ထိခိုက်နစ်နာ လွယ်မှုမှ သစ်တောအခြေပြုရာသီဥတု ပြောင်းလဲမှုလျော့ချရေး လုပ်ငန်းများထိ မည်သို့မည်ပုံ တိုးမြှင့်လာစေသနည်း။





## ကဏ္ဍ ၃။ အောက်ခြေကျေးလက်အဆင့်၌ သစ်တောအခြေပြု ရာသီဥတု ပြောင်းလဲမှုလျော့ချရေးလုပ်ငန်းများကို မြှင့်တင်ခြင်းအတွက် မူဝါဒနည်းနာများနှင့် ဆက်စပ် စိန်ခေါ်ချက်များ

**မေးခွန်း (၆)** သစ်တော၊ ရာသီဥတုပြောင်းလဲမှုနှင့် REDD+ လုပ်ငန်းများတွင် သာတူညီမျှမှုရှိစေခြင်းကို မြှင့်တင်ပေးနိုင်ရန်နိုင်ငံတကာအဆင့်တွင် မည့်သည့်မူဝါဒနည်းနာနှင့် မူဘောင်များ တည်ရှိပြီး ဖြစ်ပါသနည်း။

**မေးခွန်း (၇)** အောက်ခြေ ကျေးလက်အဆင့် သစ်တော အခြေပြု ရာသီဥတု ပြောင်းလဲမှု လျော့ကျရေး လုပ်ငန်းများတွင် သာတူညီမျှမှု ရှိစေ ခြင်းကို သေချာမှု ရှိစေရန် အတွက် အဓိက စိန်ခေါ်ချက်များမှာ အဘယ်နည်း။

## ကဏ္ဍ ၄။ အောက်ခြေကျေးလက်များတွင်သင့်တင့်မျှတစေခြင်း တိုးတက်ဖြစ်ထွန်းစေရေး စွမ်းဆောင်ရည်မြှင့်တင်မှု

**မေးခွန်း (၈)** ရာသီဥတုပြောင်းလဲမှုနှင့်REDD+လုပ်ငန်းစဉ်အတွင်း သာတူညီမျှမှုရှိစေခြင်းကိုမြှင့်တင်လုပ်ဆောင်ရာတွင် ဒေသခံများအား ပံ့ပိုးကူညီသူတို့၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

**မေးခွန်း (၉)** သစ်တော၊ ရာသီဥတုပြောင်းလဲမှုနှင့် REDD+ တို့တွင် သင့်တင့်မျှတစေခြင်းကို စောင့်ကြည့်လေ့လာခြင်းအတွက် အဓိက ကျသည့် စံနှုန်း

**မေးခွန်း (၁၀)** သစ်တောအခြေပြု ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းများတွင် သင့်တင့်မျှတစေခြင်း မြှင့်တင်ရေးဆောင်ရွက်ရာတွင် RECOFTC ၏ အခန်းကဏ္ဍ မှာအဘယ်နည်း။



# ကဏ္ဍ ၁။ သင့်တင့်မျှတစေခြင်း၏ အခြေခံနားလည်မှု

# မေးခွန်း(၁)

## (Equity) သာတူညီမျှမှုရှိစေခြင်းဆိုသည်မှာ အဘယ်နည်း။ တန်းတူညီမျှခြင်း (Equality) နှင့် မည်သို့ကွာခြားသနည်း။

EQUITY(သာတူညီမျှမှုရှိခြင်း) ဆိုသည်မှာ လူတိုင်းတွင် ၎င်းတို့၏ ဆန္ဒပြင်းပြမှုတစ်စုံတစ်ရာကို ဖြည့်ဆည်းနိုင်ရန် အခွင့်အလမ်းများ၊ အခွင့်ရေးများနှင့် ရင်းမြစ်များရှိကြောင်းကို သေချာအောင် လုပ်ဆောင်ရခြင်းသဘောဖြစ်သည်။ လူတို့၏ဘဝကို ၎င်းတို့ကမထိန်းချုပ်နိုင်သော မမျှတသည့် အခြေအနေ က ဆုံးဖြတ်ခြင်းမဟုတ်ပဲ ၎င်းတို့၏ဆုံးဖြတ်ချက်များဖြင့်သာ သတ်မှတ် ပြဌာန်းသင့်သည် ဆိုသော အတွေးအခေါ် အယူအဆပေါ်တွင် အခြေပြုထားခြင်းဖြစ်ပါသည်။ EQUITYသည် အကန့် အသတ်ဖြင့်သာရှိသော ရင်းမြစ်များကို လူတိုင်းကိုယ်စီ မျှတသည့်ဝေစုရခြင်းကို သေချာစေသည့် နည်းလမ်းဖြင့် ဝေဌအသုံးပြုခြင်း လည်းဖြစ်ပြီး ထိုသို့ဖြန့်ဝေအသုံးပြုနိုင်ရန်မှာ ဘက်မလိုက်ပဲ၊ တရား မျှတမှုရှိမှာသာ ဖြစ်နိုင်ပေလိမ့်မည်။

ထို့ကြောင့် EQUITYကို သက်ဆိုင်ရာမူဝါဒများ ဖွဲ့စည်းတည်ဆောက်ခြင်းနှင့် အကောင်ထည်ဖော်ခြင်းတို့တွင်လည်းကောင်း သဘောတူသတ်မှတ်ထားသည့် စည်းမျဉ်းများအရ ထိုမူဝါဒများနှင့် ဆက်စပ်သည့် ကုန်ကျစရိတ်နှင့် ရင်းမြစ်များ ဖြန့်ဝေရာတွင်လည်းကောင်း သက်ဆိုင်ရာပါဝင်ပါတ်သက်သူ အားလုံး တို့ကို မျှတစွာဆက်ဆံခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုအပ်ပါသည်။

သာတူညီမျှမှုရှိခြင်း (EQUITY)သည် တန်းတူညီမျှခြင်းအယူအဆဖြင့်ချိတ်ဆက်နေသည်။ လူသား အားလုံးတွင် တူညီစွာရှင်သန်ခွင့်ရှိသည်ဟူ၍ဖြစ်ပါသည်။ သာတူညီမျှမှုရှိခြင်းကို တန်းတူညီမျှခြင်း အယူအဆ ဖြင့် မကြာခဏဆိုသလို မှားယွင်းယူဆလေ့ရှိပြီး တန်းတူညီမျှခြင်းဆိုသည့်အယူအဆ ဖြင့်လည်း အလဲအလှယ်သုံးစွဲလေ့ရှိကြပါသည်။ တန်းတူညီမျှခြင်း၏ အဓိပ္ပါယ်မှာ လူသားအားလုံး တို့ကို ၎င်းတို့၏ နောက်ခံ အခြေအနေ နှင့် အနေအထားစသည်တို့ကို အလေးမမူပဲ တန်းတူညီမျှစွာ ဆက်ဆံပြုမူရမည်ဟု ဆိုလိုသည်။ သို့သော် လူတိုင်းကိုတန်းတူညီမျှဆက်ဆံ လိုက်ရုံမျှဖြင့် သာတူညီမျှမှုရှိ၍ တရားသော ရလာဒ်တစ်ခု မဖြစ်မနေရရှိနိုင်ကောင်းသည် မဟုတ်ချေ။ တန်းတူညီမျှခြင်းသည် လူတို့၌ တူညီသောအခြေအနေနှင့် တူညီသောလိုအပ်ချက်ရှိနေမှသာလျှင် အလုပ်ဖြစ်နိုင်သည်။ သာတူညီမျှမှုရှိခြင်းကမူ လူတိုင်း၌ မူလအနေ အထားတူညီမှု မရှိနိုင်ကြောင်းနားလည်ပြီး အချို့သူတို့တွင် ၎င်းတို့ထိန်းချုပ်နိုင်စွမ်းမှလွန်သော အကြောင်းခြင်းရာများကြောင့် မျှတမှုမရရှိပဲ အကျိုးမဲ့နိုင် ပေသည်။

သာတူညီမျှမှုရှိခြင်း၏ ပန်းတိုင်မှာ လူတို့ကို ၎င်းတို့၏ဖြည့်ဆည်းပေးနိုင်စွမ်းများမှ တားဆီးထားသည်။ ရှောင်လွှဲနိုင်ပြီး မမျှတသည့်အခြေအနေများကို ဖယ်ရှားပစ်ရန်ဖြစ်ပါသည်။ သာတူညီမျှမှုရှိခြင်း ချဉ်းကပ်နည်းသည် လူတို့တွင်မမျှတသောအခြေအနေကွာခြားချက်များဖြစ်ပေါ်ရမှု အကြောင်းတရားများကို ဖော်ထုတ်ခြင်း နှင့် ယင်းတို့ကိုဖြေရှင်းရန် အပြောင်း အလဲများဖော်ဆောင်ခြင်းတို့ကို ကူညီပေးပါသည်။

တန်းတူညီမျှမှုမရှိခြင်းသည် အများအားဖြင့် လူမှုအသိုက်အဝန်းအတွင်း အချို့အုပ်စုများကို ဆန့်ကျင်ခွဲခြားရာမှ ဖြစ်ပေါ်လာလေ့ရှိသည်။ ထိုခွဲခြားခြင်းသည် လိင်၊လူမျိုး၊ဘာသာ (သို့) မသန်စွမ်းမှုတို့ ကို အခြေခံပြီးဖြစ်ပေါ်လာလေ့ရှိသည်။ မည်သည့်ခွဲခြားခြင်းကြောင့်မဆို လူတစ်ဦးချင်းအလိုက်ဖြစ်စေ အုပ်စုလိုက်ဖြစ်စေ အခြားသောသူတို့ရယူသုံးစွဲခွင့်ရှိသည်များမှ တားမြစ်ခံရခြင်းကဲ့သို့သော ၎င်းတို့၏ ရပိုင်ခွင့်များကို လွတ်လပ်စွာကျင့်သုံးခြင်းမှဖယ်ထုတ်ခံရခြင်းကို ဦးတည်စေပါသည်။ တသီးတခြား ဇရိယာများ၌ နေထိုင်ရှင်သန်ရခြင်း ဝန်ဆောင်မှုနှင့်သတင်းအချက်အလက်တို့ရယူနိုင်မှု မရှိခြင်း၊ သဘာဝပါတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်းနှင့် သဘာဝဘေး အန္တရာယ်များစသည့် ဖွဲ့တည်မှု ကြောင့်ဖြစ်ရသည့်ဆင်းရဲနွမ်းပါးမှုက လူတို့ကို သာတူညီမျှမှု မရှိခြင်းဖြင့် ရင်ဆိုင်ရစေနိုင်ပါသည်။ သာတူညီမျှမှုမရှိခြင်းသည် တိုင်းပြည်များအကြား၊ တိုင်းပြည်တစ်ပြည် အတွင်း မတူညီသောအဆင့် များကြား၌ ဖြစ်ပွားနိုင်ပါသည်။

# မေးခွန်း(၂)

## သာတူညီမျှမှုရှိစေခြင်း၏ အတိုင်းအတာများ အဘယ်နည်း။

သာတူညီမျှမှုရှိစေခြင်းတွင် အတိုင်းအတာ ၃ ရပ်ရှိပါသည်။ ၎င်းတို့မှာ အောက်တွင်ဖော်ပြထားသည့် အတိုင်း ဖြန့်ဝေမှု၊ နည်းလမ်းကျနမှု နှင့် ဆက်စပ်ဆီလျော်မှု တို့ဖြစ်ပါသည်။

**ဖြန့်ဝေမှုတွင် သာတူညီမျှမှုရှိခြင်း** သည် မူဂါဒ (သို့မဟုတ်) ရင်းမြစ်စီမံခန့်ခွဲမှုဆုံးဖြတ်ချက်များ၏ အကျိုး ရလာဒ်အဖြစ် ပါဝင်သက်ဆိုင်သူများအကြား ဖြန့်ဝေပေးခြင်း (သို့) ကုန်ကျစရိတ်လျာထား ခွဲဝေခြင်း၊ ပံ့ပိုး ကူညီပေးခြင်း၊ ဆုံးရှုံးနိုင်ခြေ နှင့် အကျိုးတရား စသည်တို့တွင် သင့်လျော် မှန်ကန်စေခြင်းဖြင့် ဆက်နွယ် ပါသည်။

**နည်းလမ်းကျနသော သာတူညီမျှမှုရှိခြင်း** က ဆုံးဖြတ်ချက်ချခြင်း၊ ရင်းမြစ်များလျာထား ခွဲဝေခြင်း နှင့် အငြင်း ပွားမှုဖြေရှင်းခြင်းတို့ ကို ချောမွေ့လွယ်ကူစေသည့် နိုင်ငံရေးဖြစ်စဉ်များတွင် သင့်လျော် မှန်ကန်မှုရှိစေခြင်းကို ရည်ညွှန်းပါသည်။ ၎င်းဖြစ်စဉ်တွင် ကိုယ်စားပြုခြင်း၊ အသိမှတ်ပြုခြင်း၊ အကျိုး ဝင်ခြင်း၊ ပါဝင်သူတို့အသံ၊ နှင့် ပူးပေါင်းပါဝင်ခြင်း စသည်တို့ပါဝင်သည်။ နည်းစနစ်ကျနသည့် သာတူ ညီမျှမှုရှိခြင်းသည် နည်းလမ်းများကို ညီတူညီမျှအသုံးချခြင်းဟုလည်း ညွှန်းဆိုရာ ရောက်ပါသည်။ ဆိုလိုသည်မှာ အဂတိလိုက်စားခြင်း၊ မျက်နှာသာပေးခြင်း နှင့် ဆွေမျိုးညာတကာများကို ဘက်လိုက်ခြင်း စသည်တို့ မရှိရဟု ဆိုလိုခြင်းဖြစ်ပါသည်။

**ဆက်စပ်ဆီလျော်မှုရှိသည့် သာတူညီမျှမှုရှိခြင်း** သည် ပြည်သူတို့က နည်းလမ်းများနှင့် ဖြန့်ဝေ ခြင်းများ ပြုလုပ်ရာတွင် ဆက်စပ်ရမည့် ယင်းနည်းလမ်းနှင့်ဖြန့်ဝေခြင်း နှစ်မျိုးစလုံးကို စွမ်းဆောင်စေနိုင်သကဲ့သို့ ကန့်သတ်မှုလည်းဖြစ်စေနိုင်သည် ကြိုတင်ရှိနှင့်ပြီးဖြစ်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေ များကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် အထက်ဖော်ပြပါ အတိုင်းအတာ ၂ ရပ် ဖြင့် ချိတ်ဆက် နေပါသည်။ ဆက်စပ်ဆီလျော်သည့် သာတူညီမျှမှုရှိခြင်းသည် ပညာရေး၊ နိုင်ငံရေး အခြေအနေ နားလည်မှုစသည့် တစ်ဦးချင်း နှင့်ဆိုင်သော အသိပညာများ၊ သဘာဝရင်းမြစ်၊ ငွေကြေး အရင်း၊ အလုပ်သမား၊ ဈေးကွက် ကွန်ယက် စသည်တို့အား လက်လှမ်းမှီခြင်း၊ နှင့် ယင်း ရင်းမြစ်တို့ အား လက်လှမ်းမှီရယူခြင်း နှင့် ထိန်းသိမ်း လုပ်ဆောင်ရန် အခွင့်အာဏာ စသည်တို့အား ပူးပေါင်း ထည့်သွင်းထားပါသည်။

**သာတူညီမျှမှုရှိခြင်း** အတိုင်းအတာ ၃ ရပ်မှာ တစ်ခုနှင့်တစ်ခုချိတ်ဆက်နေပြီး ယင်းတို့အနက် တစ်ခုခု မရှိပဲ သင့်တင့်မျှတစေခြင်းကို တိုးမြှင့်လုပ်ဆောင်ပါက လိုလားအပ်သောရလာဒ် ပေါ်ထွက်လာမည် မဟုတ်ချေ။ ဥပမာ မတူညီသော စွမ်းဆောင်ရည်များ၊ လက်လှမ်းမှီခြင်း နှင့် အခွင့်အာဏာတို့သည် နည်းလမ်း ကျနစေခြင်း နှင့် ဖြန့်ဝေမှု သာတူညီမျှမှုရှိခြင်းတွင် သိသာထင်ရှားစွာ လွှမ်းမိုးနိုင်ပါ သည်။ ထိုနည်းတူ ကောင်းစွာကြိုတင်အသိပေးထား၍ လွတ်လပ်စွာဆုံးဖြတ်နိုင်သော နည်းစဉ်တစ်ခုသည်ပင် ရပ်ရွာအသိုက်အဝန်းတို့ ထိရောက်စွာ ပူးပေါင်းပါဝင်နိုင်ရန်မှာ အချိန်၊ အတွေ့အကြုံနှင့် သတင်း အချက်အလက်ပြတ်လပ်နေသော အခြေအနေတစ်ခုတွင် ရပ်ရွာအသိုက်အဝန်းတို့ကို ၎င်းတို့၏ အကျိုးစီးပွား ကိုအောင်မြင်တိုးတက် စေရန်သော်လည်းကောင်း ခုခံကာကွယ်ရန် သော်လည်းကောင်း ထိရောက်စွာ ခွင့်ပြုနိုင်မည် မဟုတ်ချေ။





# ကဏ္ဍ ၂။ သစ်တော၊ ရာသီဥတုပြောင်းလဲမှုနှင့် REDD+တွင် သင့်တင့်မျှတစေခြင်း

# မေးခွန်း(၃)

## သစ်တောအခြေပြုရာသီဉတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းများ တိုးတက်စေရေအတွက် အခြေခံကျသော အကြောင်းတရားများ

သာတူညီမျှမှုရှိစေခြင်း (equity) သည် သစ်တောကဏ္ဍအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုများတွင် အယူအဆသစ်တစ်ခုမဟုတ်ချေ။ သစ်တောကဏ္ဍတွင် သာတူညီမျှမှုရှိစေခြင်းကို မည်သို့မည်ပုံနှင့် မည်သည့်အတွက်ကြောင့် တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်မည်ဆိုသည့် ဆွေးနွေးမှုမှာ အချိန်အတိုင်းအတာ တစ်ခုအတွင်း စနစ်တကျပေါ်ထွန်းလာခဲ့ပါသည်။ အများပူးပေါင်း ပါဝင်သည့် သစ်တောစီမံခန့်ခွဲမှု ပုံစံအမျိုးမျိုးကို အသိမှတ်ပြုခြင်းမှ စတင်ခြင်း က (ရပ်ရွာအခြေပြု သစ်တော စီမံခန့်ခွဲမှု၊ အစုအဖွဲ့ပိုင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေးစီမံခန့်ခွဲမှု၊ ဖက်စပ် သစ်တော စီမံခန့်ခွဲမှု၊ ပူးပေါင်းသစ်တောစီမံခန့်ခွဲမှု၊ အများပူးပေါင်းပါဝင်သော သစ်တောစီမံခန့်ခွဲမှု၊ ကျေးရွာ သစ်တော စိုက်ပျိုးထိန်းသိမ်းရေးအစီအစဉ်စသဖြင့်) သစ်တောကဏ္ဍ၏ သာတူညီမျှမှုရှိစေခြင်း ကနဦး အထူးပြုလုပ်ဆောင်ချက်သည် အကျိုးအမြတ်များ မျှဝေရာတွင် (ဖြန့်ဝေမှုသင့်တင့်မျှ တစေခြင်း) သင့်တော်မျှတမှု နှင့် လူမှုရေးတရားမျှတ မှုတို့ အတွက် အကန့်အသတ်အမြောက်အများ ကျန်ရှိနေဦးမည် ဖြစ်ပါသည်။ သို့သော်အခွင့်ရေးအခြေပြုရပ်ခံ လုပ်ဆောင်ချက်များ နှင့် သစ်တောကဏ္ဍတွင် သင့်တင့်မျှတစေခြင်းဆိုင်ရာ အပြန်အလှန် ဆွေးနွေးမှုများက နောက်တစ်ဆင့်သို့ ရောက်ရှိသွားစေ ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အထူးပြုရမည့်အနေအထားပြောင်းသွားခဲ့ပြီဖြစ်ပါသည်။ တစ်ဦးချင်း နှင့် ရပ်ရွာတို့၏စွမ်းဆောင်ရည်နှင့် လုပ်ပိုင်ခွင့် ဖွံ့ဖြိုးတိုးတက်စေခြင်းကို ၎င်းတို့က ဆုံးဖြတ်ချက်များ ချမှတ်ခြင်းများတွင် ပိုမိုပါဝင်လာနိုင်စေရန် (နည်းလမ်းကျနသော သာတူညီမျှမှုရှိစေခြင်း) နှင့် ရင်းမြစ် များကိုလက်လှမ်းမီရယူခြင်း နှင့် ယင်းတို့ကိုထိန်းသိမ်းထားခွင့်တို့ကို တိုးတက် ပွားများစေရန် (ဆက်စပ် ဆီလျော်မှုရှိသည့်သာတူညီမျှမှုရှိစေခြင်း) ရည်ရွယ်ပြီး အထူးပြုလုပ်ဆောင် ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် သစ်တောစိုက်ပျိုးထိန်းသိမ်းရာတွင် သင့်တင့်မျှတစေခြင်းကို တိုးတက်ဖြစ်ထွန်းစေရေး အခြေခံကျသော ကြောင်းကျိုးဆီးလျော်မှုက သစ်တောတွင်းမှီခိုနေထိုင်ပြီး သစ်တောစီမံခန့်ခွဲရေးတွင် ပါဝင်ပါတ်သက်သူတိုင်းအတွက် တာဝန်ဝတ္တရားများ၊ ကုန်ကျမှုများနှင့် အကျိုးခံစားရမှုများကိုညီတူ ညီမျှ မျှဝေနိုင်စေသည်။ ဤသို့မျှဝေခြင်းက ရေရှည်ခံသည့်ရင်းမြစ် အထောက်အပံ့နှင့် ဝန်ဆောင်မှု ပေးခြင်းကိုဖြစ်ထွန်းစေပြီး ထိုသို့ ဖြစ်ထွန်းခြင်းကြောင့် ပိုမိုလုံခြုံစိတ်ချရသောအသက်မွေးဝမ်းကြောင်းကို ရရှိလာစေပါသည်။ သို့သော် သာတူညီမျှမှုရှိစေခြင်း အတိုင်းအတာ ၃ ရပ်စလုံးကို သစ်တော စီမံခန့်ခွဲမှုလုပ်ငန်းတွင် ချိတ်ဆက်မိမိအသုံးချနိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ အတိုင်းအတာ တစ်ရပ်ရပ် မပါရှိပါက အသက်မွေးဝမ်းကြောင်း လုံခြုံစိတ်ချရမှုကို အာမခံပေးနိုင်သည့် အနိမ့်ဆုံး ဝင်ငွေတစ်ခုကိုပင် မရရှိနိုင်တော့ပဲ ဆုံးရှုံးရမည်ဖြစ်ပါသည်။ ထို့ပြင် နည်းလမ်းကျနမှုနှင့် ဖြန့်ဝေမှုသာတူညီမျှမှုရှိစေခြင်းကို သိသာထင်ရှားစွာလွှမ်းမိုးခြယ်လှယ်နိုင်သောကြောင့် သစ်တောရင်းမြစ် စီမံခန့်ခွဲမှုနှင့်အသုံးချမှုကို လက်လှမ်းမီရယူရန်မှာ ပါဝင်ပါတ်သက် သူတို့အကြားမညီမျှမှုများ ဖြစ် ပေါ် လာနိုင်ပြီး ယင်းအချက်ကအကျိုးဆက်အားဖြင့် သင့်တင့်မျှတမှုမရှိခြင်းကို ဦးတည်သွားနိုင် ပါသည်။ ဤသို့သောအကျိုးဆက်များကို နီပေါလ်နိုင်ငံဖြစ်ရပ်လေ့လာချက်(ဖြစ်ရပ်လေ့လာချက် ၁၊ ၅) တွင်ဖော်ပြထားသကဲ့သို့ ဆင်းရဲပြီးဘေးဖယ်ခံရသူအသိုက်အဝန်းများကို ရှင်းလင်းသိသာစွာ ဦးတည်ထည့်သွင်းခြင်း (ဆက်စပ်ဆီလျော်မှုသင့်တင့်မျှတစေခြင်း) ၎င်းတို့ကို ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်နိုင်စေခြင်းနှင့် (နည်းလမ်းကျနမှုသင့်တင့် မျှတစေခြင်း) အကျိုးအမြတ်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့်စေရန် ကူညီပေးခြင်း (ဖြန့်ဝေမှုသင့်တင့်မျှတစေခြင်း) ဖြင့် ကာကွယ်နိုင်သည် (သို့မဟုတ်) လျော့ကျစေနိုင်ပါသည်။

**စာစုသေတ္တာ ၁။ အစုအဖွဲ့ပိုင်သစ်တောစိုက်ပျိုးထိန်းသိမ်းရာတွင် ဖြန့်ဝေမှုနည်းလမ်းကျနမှု နှင့် ဆက်စပ် ဆီလျော်မှု ဆိုင်ရာ သင့်တင့်မျှတစေခြင်း**

နီပေါနိုင်ငံ၏ အစုအဖွဲ့ပိုင်သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းက ဖြန့်ဝေမှုနည်းလမ်းကျနမှု နှင့် ဆက်စပ်ဆီလျော်မှု စသည့် သင့်တင့်မျှတစေခြင်း အတိုင်းအတာများ အပြန်အလှန်ဆက်စပ်ပြုမှုပုံ ကို သရုပ်ဖော်ထားပါသည်။

၁၉၇၀ ခုနှစ်များအတွင်း အစုအဖွဲ့ပိုင်သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများစတင်ချိန်က မူလရည်မှန်းချက်မှာ သစ်တောအခြေအနေများကို တိုးတက်ကောင်းမွန်စေရန်ဖြစ်ပါသည်။ ဤလုပ်ငန်းများက သဘာဝ မျိုးဆက်ပင်ပေါက်ခြင်းကို တိုးမြှင့်ပေးခြင်းအလို့ငှာ အစုအဖွဲ့ပိုင်သစ် တောသုံးစွဲသူများအား သစ်တောထွက်ကုန်များကို ကန့်သတ်သုံးစွဲခြင်း အလေ့အထကို လက်တွေ့ အကောင်အထည်ဖော်စေခဲ့ပါသည်။ သို့သော် သစ်တော ထွက်ကုန်ရယူသုံးစွဲမှုကို ကန့်သတ်ခြင်းက သစ်တောအခြေပြုဝင်ငွေကျဆင်းခြင်း ရလာဒ်ကိုသာရရှိခဲ့ကြပြီး မိုခိုစရာကိုယ်ပိုင်သစ်တော အနည်းငယ် (သို့) လုံးလုံးမျှမရှိခြင်းကြောင့် သစ်တောထွက်ပစ္စည်းများကိုစုဆောင်းခြင်းကိုသာ အများဆုံးမှီခိုအားထားကြရ သူတို့ကို အထိ ခိုက်ဆုံးလည်းဖြစ်နေပေသည်။ များမကြာမီမှာပင် ကုန်ကျ စရိတ်များနှင့် နောက်ဆုံး အကျိုးခံစားရမှုများ (သစ်တော ထွက်ပစ္စည်းများ နှင့် အခွန်အခများ) ကိုဖြန့်ဝေမှုသည် အရေးကြီး ကိစ္စရပ်ဖြစ်လာပြီး သစ်တောအခြေအနေ တိုးတက်ကောင်းမွန်စေခြင်း အပြင် အသက်မွေးဝမ်းကြောင်း တိုးတက်ကောင်းမွန်ရေးသည်လည်း အစုအဖွဲ့ပိုင် သစ်တော စိုက်ပျိုးထိန်းသိမ်းခြင်း၏ ထပ်တိုးရည်မှန်းချက်ဖြစ် လာတော့သည်။ ၂၀၀၉ ခုနှစ်တွင် အစုအဖွဲ့ပိုင်သစ်တော စိုက်ပျိုးထိန်းသိမ်းခြင်း လမ်းညွှန်လက်စွဲစာအုပ်က ညွှန်ပြထားသည်မှာ အစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူများအနေဖြင့် ၎င်းတို့အခွန်ကောက်ခံရငွေ၏ ၃၅ ရာခိုင် နှုန်း ကို ဆင်းရဲသူအကျိုးပြု လုပ်ငန်းများတွင် မဖြစ်မနေသုံးစွဲရမည်ဟု ဖြစ်ပြီး ယင်းသို့သုံးစွဲခြင်းသည် သင့်တင့်မျှတစေခြင်းအကျိုးပြုအစီအစဉ်ကို သိသာထင်ရှားစွာအသိမှတ်ပြုခဲ့ခြင်းပင်ဖြစ်ပါသည်။ ဖြစ်ရပ်များစွာတွင် စည်းမျဉ်းစည်းကမ်းများကိုသာတူညီမျှဖြစ်စေခဲ့သော်ငြားလည်း အချို့က လိုအပ်ချက်များကို မပြည့်မီနိုင်ခြင်း၊ တိုက်ရိုက်လိုအပ်ချက်မရှိခြင်း သို့မဟုတ် စုဆောင်းချိန်မရှိခြင်း စသည်တို့ကြောင့် သင့်တင့်မျှတစွာ အကျိုးခံစားရခြင်းမရှိခဲ့ပေ။ ဥပမာ-ဆင်းရဲနွမ်းပါးမိသားစုများအနေဖြင့် ၎င်းတို့ဝေစု သစ်လုပ်ငန်းတို့ကို အသုံးချရန် သို့မဟုတ် သယ်ယူပို့ဆောင်ရန် နှင့် ထုတ်ယူသုံးစွဲရန် လက်လှမ်းမီမှု နှင့် နည်းလမ်းများ မကြာခဏဆိုသလိုမရှိကြသောကြောင့်ဖြစ်ပါသည်။ ယင်းနောက် ခံအခြေအနေနှင့်ဆက်စပ်သင့်တင့်မျှတစေခြင်းကို ဖြေရှင်းရန် အချို့ အစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူတို့က ဒေသတစ်ခုလုံးအနေဖြင့် သစ်ထုတ်လုပ်ခြင်းကို စတင်ရောင်းချခဲ့ကြပြီး ဝင်ငွေကို အစုအဖွဲ့ဝင်များအကြား ဖြန့်ဝေပေးကြပါသည်။ အချို့ကမူ ဆင်းရဲနွမ်းပါးသူများလိုအပ်သည့် လောင်စာထင်းနှင့် သစ်အခြေခံမဟုတ်သည့် သစ်တောထွက်ကုန်များကို ပံ့ပိုးပေးနိုင်ရန် စီမံခန့်ခွဲမှုအစီအစဉ်များကို ပြုပြင် ပြောင်းလဲခဲ့ကြသည်။

ဆက်စပ်ဆီလျော်သည့်သင့်တင့်မျှတစေခြင်းအခြားဥပမာတစ်ခုမှာ ရုံဖန်ရံခါတွင် အဆင်းရဲနွမ်းပါးဆုံးအခြေအနေ၌ ရောက်ရှိနေသော အိမ်ထောင်စုများက ကျောင်းလခနှင့်ဝတ်စုံဖိုးမတတ်နိုင်မှုကြောင့် ရပ်ရွာအဆင့်အကျိုးတရားဖြစ်သော ကျောင်းကို အများကဲ့သို့ရယူသုံးစွဲနိုင်ခြင်းမရှိတော့ ချေ။ ရလာဒ်အဖြစ် အစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူအုပ်စု အချို့က ယင်းအိမ်ထောင်စုများ၏ ကလေး များကို ကျောင်းဝတ်စုံနှင့်ပညာသင်ဆုများထောက်ပံ့ပေးရန်အတွက် ဖြန့်ဝေမှုပုံစံကို ပြောင်းလဲ လိုက်ကြပါသည်။

နောက်ဆက်တွဲအကျိုးဆက်အားဖြင့် အလှူရှင်စီမံချက်များစွာသည် ရပ်ရွာသစ်တောသုံးစွဲသူများအကြား ဖြန့်ဝေမှုသာတူညီမျှမှုရှိစေခြင်းကို မည်သို့မည်ပုံ ပိုမိုကောင်းမွန်အောင်မြင်စေရမည်၊ နောက်ခံအခြေအနေကြောင့်ဖြစ်သော မသင့်တင့်မမျှတခြင်းကို မည်သို့လျော့ချစေမည်၊ နည်းလမ်းကျနသင့်တင့်မျှတစေခြင်းကို မည်သို့ မည်ပုံတိုးတက်ကောင်းမွန် စေမည် အစရှိသည်တို့ကို အလေးပေးလာကြပါသည်။ ဤလုပ်ငန်းစဉ်သည် အမျိုးသမီးများနှင့် များစွာ အနိမ်ခံရသော ဇာတ်နိမ့်အုပ်စုများက အစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူများကော်မတီတွင် ကိုယ်စားပြုသင့်ပြီး ကော်မတီအတွင်း အဓိကကျသော ဆုံးဖြတ်ချက်များချမှတ်နိုင်သည့် ရာထူးနေရာအချို့ကို အနည်းဆုံးအနေဖြင့် ပိုင်ဆိုင်ထားသင့်သည် ဆိုသော လိုအပ်ချက်ထည့်သွင်းခြင်းမှအစပြုပါသည်။

ထပ်လောင်းအားဖြည့်ပေးရသည်မှာ စီမံအုပ်ချုပ်မှုကောင်းတစ်ရပ်ကိုအလေးပေးရခြင်း ဖြစ်ပါသည်။ စီမံအုပ်ချုပ်မှုကောင်းတစ်ရပ်တွင် စီးပွားချောင်လည်မှုအနိမ့်အမြင့်ဆန်းစစ်ခြင်းအားဖြင့် အမျိုးသမီးများအပါအဝင် ဆင်းရဲနွမ်းပါးအနိမ်ချခံရသူများကို ဖော်ထုတ်ခြင်း နှင့် ပြည်သူစာရင်း စစ် ခြင်းအစရှိသဖြင့်ပါဝင်ပါသည်။ ယင်းကောင်းမွန်သော စီမံအုပ်ချုပ်မှုက ဘေးဖယ်အနိမ်ခံရသူ အုပ်စု များ၏ လိုအပ်ချက်များကို ပိုမိုတိုက်ရိုက်တုံ့ပြန်လုပ်ဆောင်ပေးသည့် ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ် တစ်ရပ်ဆီသို့ တဖြည်းဖြည်းခြင်း ဦးတည်ရောက်ရှိစေပါတော့သည်။

*မူရင်းကိုးကားချက် : McDermott M.H. and Schreckenberg K., 2009. Equity in community forestry: insights from North and South. International Forestry Review, 11(2), pp. 157-170.* မှ ဖြစ်ပါသည်။

# မေးခွန်း(၄)

## သစ်တောအခြေပြုရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းများတွင် အဓိကကျသော အကြောင်းအရာများမှာ အဘယ်နည်း။

ယေဘူယျအားဖြင့် သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းကဏ္ဍ၏သင့်တင့်မျှတစေခြင်းကိုကောင်းမွန်တိုးတက်စေခြင်း အခြေခံစည်းမျဉ်းစည်းကမ်းများ နှင့် တန်ဖိုးများသည် REDD+ တွင်လည်း တန်းတူရည်တူ သင့်လျော်စွာ အသုံးချနိုင်ပေသည်။ အဓိကအတိုင်းအတာ ၃ ရပ် မှာ ကန်ကွန်သဘောတူညီချက်တွင် အလေးပေးဖော်ပြထားသကဲ့သို့ REDD+အစီအစဉ်တစ်ခု အောင်မြင်စေရန်အရေးပါသည်။ ကန်ကွန်သဘာတူညီချက်[၂] က အလေးထားသည်မှာ REDD+အစီအစဉ်တစ်ခု ထိရောက်တရားဝင်မှုကိုသေချာစေရာတွင် ကုန်ကျမှု နှင့် အကျိုးတရား ဖြန့်ဝေမှု၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် တန်းတူညီမျှပါဝင်နိုင်မှု နှင့် ကာဗွန် နှင့် ကာဗွန် မဟုတ်သည့် အကျိုးတရားများကို လက်လှမ်းမီမှုတို့အားဖြင့် သာတူညီမျှမှုရှိစေခြင်းမှာ မရှိမဖြစ်သဘောတရားတစ်ခုဖြစ်သည်ဟူ၍ ဖြစ်ပါသည်။ (Chhatre et al.,[၃] ၂၀၁၂၊ McDermott et al.,၂၀၁၂[၄] )

လက်ရှိဆွေးနွေးငြင်းခုံမှုများတွင် REDD+လုပ်ငန်းစဉ်နှင့် သာတူညီမျှမှုရှိစေခြင်းမှာ နိုင်ငံတကာနှင့်ဆိုင်သော သာတူညီမျှမှုရှိစေခြင်းကို ဒေသအဆင့်နှင့် အမျိုးသားအဆင့် သာတူညီမျှမှုရှိစေခြင်း၏ ဆန့်ကျင်ဖက်အဖြစ်ဖြင့် များစွာဖောင်းပေးပြောဆိုနေကြပါသည်။ နိုင်ငံတကာကပြောသော REDD+သာတူညီမျှမှုရှိစေခြင်း မှာ ကာဗွန်ထုတ်လွှတ်မှုများအတွက် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၏ တာဝန်ဝတ္တရားနှင့် (သစ်တောထူထပ်နေဆဲဖြစ်သော) ဖွံ့ဖြိုးဆဲနိုင်ငံများက ကာဗွန်ထုတ်လွှတ်မှု လျော့ချရေးကို အောင်မြင်စေရေး ဘဏ္ဍာငွေကြေးထောက်ပံ့ရမည့် တာဝန်ရှိမှုကိုအလေးပေးသည်။ သို့သော် REDD+ကို ပိုမိုသိမြင် နားလည် လာသည်နှင့်အမျှ REDD+လုပ်ငန်းစဉ်တွင် သင့်တင့်မျှတစေခြင်းသဘောတရား နှင့် ဆိုင်သောကိစ္စရပ်များကို အဆင့်အမျိုးမျိုးတွင် ဆွေးနွေး လာခဲ့ကြပါသည်။ (စာစုသေတ္တာ ၂ ရှု)

အောက်ခြေကျေးလက်အဆင့် REDD+ လုပ်ငန်းတွင် သာတူညီမျှမှုရှိစေခြင်းကိစ္စရပ်များနှင့် ပါတ်သက်၍ သစ်တောကဏ္ဍတွင်ရှိပြီးဖြစ်သော သာတူညီမျှမှုရှိစေခြင်းကိစ္စများမှ မူလအခြေခံပြီး လွန်စွာကွာခြားခြင်း မရှိကြပါ။

သစ်တောမြေဆိုင်ရာ ဆိုင်ခွင့်အခြေအနေမရှင်းလင်းမှု၊ ဒေသအဆင့်စီမံအုပ်ချုပ်မှုစနစ် အားနည်းခြင်း၊ အင်အားကြီးသူမှ အလွန်အကျွံသုံးစွဲခြင်းနှင့် ထိန်းချုပ်ထားခြင်း၊ အမျိုးသမီးနှင့် တိုင်းရင်းသားမျိုးနွယ်စုတို့ကို ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်မှ ဖယ်ထုတ်ထားခြင်း စသည်တို့မှာ REDD+မှရရှိမည့် ကာဗွန်နှင့် ကာဗွန် မဟုတ်သည်များမှ ခံစားခွင့်ဖြန့်ဝေပေးခြင်း နှင့် ပိုင်ဆိုင်မှုကို ဆုံးဖြတ်ပေးမည့် အရေးကိစ္စ တစ်ချို့ဖြစ်ကြပါသည်။ ထို့ပြင် သစ်တောပြုန်း တီးစေခြင်း နှင့် သစ်တောအရည်အသွေးကျဆင်းခြင်းတို့သည် ကွဲပြားမှုရှိသည်ဆိုသော်လည်း နောက်ခံအခြေအနေနှင့်ဆက်စပ်ပြီး ယေဘူယျအားဖြင့် သစ်တောကဏ္ဍ၏

---

၂ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၉ မှ ဒီဇင်ဘာ ၁၀ ထိ မက်ဆီကိုနိုင်ငံ ကန်ကွန်တွင်ကျင်းပသော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတွင် သဘောတူညီမှုအောင်မြင်ခဲ့သည်။

၃ Chhatre, A., Lakhanpal, S., Larson, A. M., Nelson, F.,Ojha, H. and Rao, J., 2012. Social safeguards and co-benefits in REDD+: a review of the adjacent possible. *Current Opinion in Environmental Sustainability* 4, pp. 654-660. Available at: http://dx.doi.org/10.1016/j.cosust.2012.08.006

၄ McDermott, C.L., Coad, L., Helfgott, A., and Schroeder, H., 2012. Operationalizing social safeguards in REDD+: actors, interests and ideas. *Environmental Science & Policy* 21, pp. 63-72. Available at: http://dx.doi.org/10.1016/j.envsci.2012.02.007



ပြင်ပတွင် တည်ရှိနေကာ REDD+လုပ်ငန်းစဉ်တွင် သာတူညီမျှမှုရှိစေခြင်း အရေးကိစ္စရပ်များအပေါ် ထပ်လောင်းသက်ရောက်နိုင်ပါသည်။ REDD+လုပ်ငန်းစဉ်အပေါ် ဆွေးနွေးငြင်းခုံမှုများ လုပ်ဆောင်လာသည်နှင့်အမျှ ၎င်းသည် အဆင့်စုံ၊ ရည်ရွယ်ချက်စုံ နှင့် ပါဝင်ပါတ်သက်သူ ပေါင်းစုံယန္တရားတစ်ရပ်ကိုဖွံ့ဖြိုးလာစေပြီး ယင်းယန္တရားက သာတူညီမျှမှုရှိစေခြင်းအရေးအပေါ် တိုက် ရိုက်သက်ရောက်စေမည့် အပြိုင်အကျိုးစီးပွားများနှင့် တောင်းဆိုချက်များ၊ ဆုံးဖြတ်ချက်ချခြင်း အခြေအနေနှင့်ဆက်နွယ်သော အရေးကိစ္စအသစ်များကို ထပ်ပေါင်းထည့်နေခြင်းဖြစ်ပါသည်။

စာစုသေတ္တာ ၂ ။ REDD+ သင့်တင့်မျှတစေခြင်း ကမ္ဘာလုံးဆိုင်ရာဆွေးနွေးမှုအခြေအနေ

မီဒီယာများတွင်တွေ့ရသော REDD+ နှင့်ဆက်နွယ်နေသည့် မူဝါဒဆွေးနွေးချက်များအပေါ် နှိုင်းယှဉ်လေ့လာချက်တစ်ခုတွင် (Di Gregorio et al. (၂၀၁၃)) အင်ဒိုနီးရှား နှင့် ဘရာဇီးလ်နိုင်ငံသားအကျိုးပါဝင်ပါတ်သက်သူများက ဖွံ့ဖြိုးပြီး နှင့်ဖွံ့ဖြိုးဆဲနိုင်ငံ နှစ်မျိုးစလုံးအား ဖြင့် REDD+နှင့် ကာဗွန်ထုတ်လွှတ်မှုလျော့ချရေးဂန်ကို မျှဝေထမ်းဆောင်ရေးနှင့် ယင်းကို ငွေကြေးလျာထားရေး တာဂန် (ဖြန့်ဝေမှုသင့်တင့်မျှတစေခြင်း) ဆိုင်ရာ ဖြစ်နိုင်စွမ်းအခြေအနေများဆွေးနွေး ခဲ့ကြပြီး အကျိုးဆက်အားဖြင့် ၎င်းတို့၏ဆွေးနွေးချက်များကို နိုင်ငံတကာသာတူညီမျှရှိစေမှု မူဘောင်တစ်ခုအဖြစ်တည်ဆောက်ခဲ့ကြပါသည်။ ထိုနည်းတူ ဗီယက်နမ်ရှိ အမျိုးသားအဆင့်ပါဝင်ပါတ်သက်သူများက ရက်ဒ်ပလပ်စ်တွင် သာတူညီမျှရှိစေခြင်းအပေါ် ဆွေးနွေးချက်များကိုအောက်ခြေကျေး လက်အတွက်မူဘောင်တစ်ခုချမှတ်ခဲ့ပြီး ယင်းကို အသက်မွေးဂမ်း ကြောင်းကိစ္စရပ်များနှင့် ချိတ် ဆက်ထည့်သွင်းခဲ့ကြပါသည်။ ပြည်တွင်း အရပ်ဖက် လူ့ဘောင်အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူများက မြေအသုံးချခွင့်နှင့် အစီအမံများနှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးများ ဖြင့်ဆက်နွယ်သည့် ၎င်းတို့၏ စိုးရိမ်နေမှုများကို ဖော်ထုတ်ခဲ့ကြသည်။ REDD+ ဒီဇိုင်းဆင်ခြင်း နှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ဒေသခံရပ်ရွာတို့ပူးပေါင်းပါဂင် မှုမြင့်တင်ရေးလိုအပ်ချက်နှင့်အတူ ဒေသအခွင့်အရေးများကိုအသိမှတ်ပြုစေရေးအ တွက်တောင်းဆိုခဲ့ ကြပါသည်။

ရင်းမြစ်- Di Gregorio, M., Brockaus, M., Cronin, T., Muharrom, E., Santoso, L., Mardian, S. and Büdenbender, M. 2013. Equity and REDD+ in media: a comparative analysis of policy discourse. *Ecology and Society*, 18(2).

## မေးခွန်း(၅)

### သာတူညီမျှမှုမရှိခြင်းက အောက်ခြေကျေးလက်လူထုများ ထိခိုက်နစ်နာလွယ်မှုမှ သစ်တောအခြေပြု ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းများထိ မည်သို့ မည်ပုံ တိုးမြှင့်လာစေသနည်း။

REDD+လုပ်ငန်းစဉ်တွင်ပါဝင်ကြသော အစိုးရအဖွဲ့အစည်းများနှင့်အခြားအဖွဲ့အစည်းများစွာက ဤလုပ်ငန်းစဉ်သည် ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်ခြင်းကိုလျော့ချရမည့် အဓိကလုပ်ငန်းစဉ်ကြောင့် ရာသီဥတုပြောင်းလဲမှု၏အကျိုးသက်ရောက်မှုများကို လျော့ကျစေနိုင်မည့်အပြင် ဒေသခံရပ်ရွာများကို နည်းလမ်းပေါင်းများစွာဖြင့် အကျိုးကျေးဇူးခံစားရစေမည့် အလားအလာကောင်းများ ရှိကြောင်းခံစားသိရှိကြပါသည်။

REDD+သည် သင့်လျော်မှန်ကန်စွာအကောင်ထည်ဖော်ခဲ့ပါက ဒေသနှင့်နိုင်ငံအဆင့် သစ်တောစီမံအုပ်ချုပ်မှုအဆင့်နှစ်ရပ်စလုံးတွင် သင့်တင့်မျှတစေခြင်းကို တိုးတက်ကောင်းမွန်စေနိုင်သော ယန္တရားတစ်ရပ်အဖြစ်ရှုမြင်ကြပါသည်။ ပြောင်းပြန်အားဖြင့် REDD+ပါ သာတူညီမျှရှိစေမှု အတိုင်းအတာတစ်စုံတစ်ရာ ကန့်သတ်မှု(သို့)ပျောက်ကွယ်နေခြင်းက အောင်မြင်မှုရရန် အခွင့်အလမ်းလျော့ကျသည့်အပြင် ဆင်းရဲပြီးရပ်ရွာမှလူရာသွင်းမခံရသောအုပ်စုများကို ပိုမို အထီးကျန်စေနိုင်ပါသည်။ အကယ်၍ ပါဝင်ပါတ်သက်သူအားလုံး၏ စစ်မှန်သောကိုယ်စားပြုပါဝင်မှု သို့မဟုတ် တက်ကြွစွာပူးပေါင်းပါဝင်မှု မရရှိခဲ့ပါက အာဏာရှိသူများ နှင့် လူချမ်းသာအုပ်စုများက သစ်တောမြေနှင့်အခြားသယံဇာတများအပြင် REDD+မှရရှိသောအကျိုးကျေးဇူးများကိုလည်း ပိုမိုရယူသွားမည့်အခြေအနေများဖြစ်ပေါ်စေနိုင်ပါသည်။ ဤကဲ့သို့သောအခြေအနေများသည် အချို့ ရပ်ရွာများ၏ ဘေးဖယ်ခံရမှုနှင့် အခြေအနေပိုမိုဆိုးရွာလာစေခြင်းကို ဆက်လက်ဖြစ်ပွားစေပေလိမ့်မည်- ဆိုလိုသည်မှာ အမျိုးသမီး၊တိုင်းရင်းသားမျိုးနွယ်စုများ နှင့် မြေယာမဲ့အိမ်ထောင်စုများ၏ ထိခိုက်နစ်နာလွယ်မှုအခြေအနေမှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်တွင် ၎င်းတို့ကိုယ်တိုင် ကိုယ်စားပြုပါဝင်နိုင်ခြင်းမရှိပါက အခြေအနေပိုမိုဆိုးရွားလာဖွယ်ရာရှိပေသည်။ လုံလောက်သည့် ကိုယ်စားပြုမှု နှင့် တက်ကြွစွာပူးပေါင်းပါဝင်နိုင်ခြင်းက ယင်းကဲ့သို့သောသူများအတွက် ကြာရှည်ဖြစ်ပေါ်နေခဲ့သည့် မြေယာပိုင်ဆိုင်မှုနှင့်မြေယာရပိုင်ခွင့်တို့ကို ဆန့်ကျင်ဖက်ကြည့်မြင်ရမည့်အခြေအနေတွင် အလွန်အရေးပါသည်။ ထို့ပြင် သစ်တောရင်းမြစ်များ၊ သတင်းအချက်အလက်များ၊ ဈေးကွက်ယန္တရားနှင့် ငွေကြေးထောက်ပံ့ချေးယူခြင်း တို့ကို လက်လှမ်းမမှီခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် မိမိ တို့လိုလားချက်များကို ထိရောက်စွာပြောဆိုနိုင်စွမ်းမရှိခြင်းစသည်တို့ကို ၎င်းတို့၏ ထိခိုက်နစ်နာ လွယ်မှုကို ထပ်ပေါင်းထည့်သကဲ့သို့ဖြစ်နေပေသည်။

ဆိုလိုသည်မှာ သာတူညီမျှမှုရှိစေခြင်း၏ အခြေခံအတိုင်းအတာ ၃ ရပ်(ဖြန့်ဝေမှု၊နည်းလမ်း ကျနမှု နှင့် ဆက်စပ်ဆီလျော်မှု) ကို သစ်တော၊ရာသီဥ တုပြောင်းလဲမှုနှင့်REDD+လုပ်ငန်းစဉ် တို့ကို ခိုင်မာအောင် လုပ်ဆောင်ရမည့် ဆုံးဖြတ်ချက်မှတ်ရာတွင် ပင်မလုပ်ငန်းအဖြစ်ထည့်သွင်း လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပါက အောက်ခြေကျေးလက်ရပ်ရွာ တို့၏ ထိခိုက်လွယ်မှုမှာ ပိုမိုဆိုးရွား လာဖွယ်ရှိပါသည်။



# ကဏ္ဍ ၃။ အောက်ခြေကျေးလက်အဆင့်၌ သစ်တောအခြေပြု ရာသီဥတုပြောင်းလဲမှု လျော့ချရေးလုပ်ငန်းများကို မြှင့်တင်ခြင်းအတွက် မူဝါဒနည်းနာများနှင့် ဆက်စပ် စိန်ခေါ်ချက်များ

# မေးခွန်း (၆)

## သစ်တော၊ ရာသီဥတုပြောင်းလဲမှုနှင့် REDD+ လုပ်ငန်းများတွင် သာတူညီမျှမှုရှိစေခြင်းကို မြှင့်တင်ပေးရန် နိုင်ငံတကာအဆင့်တွင် မည်သည့်မူဝါဒများ ရှိပါသနည်း။

သင့်တင့်မျှတစေခြင်းအယူအဆကို ရပ်ရွာတိုင်းပြည်များ နှင့် မျိုးဆက်များအထိ လက်ဆင့်ကမ်း အသုံးချ နိုင်ပေသည်။ နိုင်ငံတကာဥပဒေများ၌ ကောင်းစွာထည့်သွင်းရေးဆွဲထားပြီးလည်း ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းတွင် လူ့ခပ်သိမ်း၏မျိုးရိုးဂုဏ် သိက္ခာနှင့် တကွ လူတိုင်းအညီအမျှခံစားခွင့်ရှိသည့် အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် လူခပ်သိမ်း ၏လွတ်လပ်မှု၊တရားမျှတမှု၊ငြိမ်းချမ်းမှုတို့၏အခြေခံအုတ်မြစ်ဖြစ်ဖြစ်သည်ဟု ဖော်ပြ ထားပါသည်။ (Weiss၊၁၉၉၀)[၅]

REDD+ပါသင့်တင့်မျှတစေခြင်းဆိုင်ရာ သီးသန့်ညီလာခံကို ၂၀၀၉ ခုနှစ်က ကိုပင်ဟေဂင်တွင် ကျင်းပ သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုသဘောတူညီချက်မူဘောင်၏ ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့ဝင်များညီလာခံ (COP) ၁၅ ဖြင့်တွဲဖက်ကျင်းပခဲ့ပြီး သစ်တောအပေါ် မှီခိုနေကြသည့် ရပ်ရွာအသိုက်အဝန်းများအား လူမှုရေးနှင့် (သို့မဟုတ်) သဘာဝပတ်ဝန်းကျင်ပျက် စီးမှုများမှ ကာကွယ်ရေး ကြိုတင်ကာကွယ်မှု အတိုင်းအတာများကို ဖော်ထုတ်ရန် နှင့် ယင်းအသိုက်အဝန်းတို့အတွက် အကျိုးခံစားရမှုများကို မြှင့်တင်ပေးရန် အဖွဲ့ဝင်နိုင်ငံများအကြားနားလည် မှုတစ်ခုရ ရှိခဲ့ကြပါသည်။ ယင်းနားလည်မှုကို ကန်ကွန်းတွင် နောက်ထပ်ကျင်းပသည် ဆုံးဖြတ် ချက်ချနိုင်သည့်အဖွဲ့ဝင်များညီလာခံ (COP)၁၆ တွင် သဘော တူညီမှုတစ်ခုအဖြစ်သို့ ရောက်ရှိ ခဲ့ပြီး ကန်ကွန်းသဘောတူညီမှုစာချုပ် အဖြစ် ခေါ်ဝေါ်ကြပါသည်။ ကန်ကွန်းစာချုပ်တွင် အထက်ကဖော်ပြခဲ့ပြီးသည့်အတိုင်း သာတူညီမျှမှုရှိစေခြင်းအဓိက အတိုင်းအတာ ၃ ရပ်စလုံးကို လွှမ်းခြုံဖော်ပြထားပါသည်။ နောက်ဆက်တွဲ ၁ တွင် REDD+နှင့် ဆက်နွယ်သည့် ကိစ္စရပ်များအပေါ် အပေါင်းလက္ခဏာဆောင်သောမက်လုံးများနှင့် မူဝါဒချဉ်းကပ်နည်းလမ်းများ ဆိုင်ရာလမ်းညွှန်ချက်များနှင့် ဘေးကင်းလုံခြုံမှုအစီအမံများစသည်တို့ကို စာရင်းပြုစုတင်ပြထားသည်။ (စာစုသေတ္တာ ၃ ရှု) အထူးသဖြင့် ဌာနေတိုင်းရင်းသား နှင့် ဒေသခံရပ်ရွာ အသိုက်အဝန်းတို့၏ အခွင့်အရေးနှင့် ဗဟုသုတတို့ကို အလေးထားရန်၊ ၎င်းဌာနေတိုင်းရင်းသားများနှင့် ဒေသခံ ရပ်ရွာအသိုက်အဝန်း တို့အပြင် သင့်လျော်သည့် ပါဝင်ပါတ်သက်သူအားလုံးတို့၏ ပြည့်ဝထိရောက်သော ပူးပေါင်း ပါဝင်မှုကို ရယူရန်တို့မှာ သစ်တော၊ ရာသီဥတု ပြောင်းလဲမှု နှင့် REDD+ လုပ်ငန်းစဉ် တွင် သာတူညီမျှမှုရှိစေခြင်းကို ရှေ့တက်လှမ်းနိုင်စေရေး အလွန်အရေးပါပါသည်။

ကုလသမဂ္ဂဌာနေတိုင်းရင်းသားများ အခွင့်အရေးကြေငြာချက်ကို ၂၀၀၇ ခုနှစ်တွင် ချမှတ်ခဲ့ပြီး ယင်းက ဌာနေတိုင်းရင်းသားတို့၏အခွင့်အရေးများကို ကျယ်ပြန့်သောကိစ္စရပ်များစွာတို့အပေါ် တွင် အသိအမှတ်ပြုပြီး နိုင်ငံတကာအသိုက်အဝန်းအတွက် အားလုံးလွှမ်းခြုံနိုင်သော မူဘောင်တစ်ခုကို ဖော်ဆောင်ပေးပါသည်။ ယင်းတွင် အထူးအားဖြင့် ကောင်းစွာကြိုတင်အသိပေးထား၍ လွတ်လပ်စွာ ဆုံးဖြတ်ထားသော သဘောတူခွင့်ပြုချက်ရယူခြင်း(Free Prior Informed Consent- FPIC)ကို ထည့်သွင်းထားပါသည်။ ထိုနည်းတူ ကုလသမဂ္ဂဌာနေတိုင်းရင်းသားများအခွင့်အရေးကြေငြာစာတမ်းနှင့်လည်း ကိုက်ညီမှုရှိရန် ရည်ညွှန်းထားပါသည်။ အထူးသဖြင့် REDD+လုပ်ငန်းတွင်သာတူညီမျှမှုရှိစေခြင်းကို

၅ Weiss, E.B., 1990. Our rights and obligations to future generations for the environment. *American Journal of International Law*, 84: pp. 198-207. Available at: http://dx.doi.org/10.2307/2203020



### စာစုသေတ္တာ ၃။ UNFCCC ဘေးကင်း လုံခြုံမှုအစီအမံများ- ကန်ကွန်းသဘောတူညီ ချက်

UNFCCC ၏ ဆုံးဖြတ်ချက်ချနိုင်သည့်အဖွဲ့ဝင်များ က ယင်း၏ ၁၆ ကြိမ်မြောက် ညီလာခံ (COP)၊ကန်ကွန်းတွင် ကန်ကွန်း ဘေးကင်းလုံခြုံမှုအစီအမံများဟုညွှန်းဆိုသည့် REDD+လုပ်ငန်းစဉ် အတွက် အစီအမံ ခုနစ်ရပ်ကို သဘောတူညီခဲ့ကြသည်။ ဤလုံခြုံမှုအစီအမံ တို့သည် REDD+ လုပ်ငန်းစဉ်ဆက်နွယ်နေသည့် လူမှုရေးနှင့် သဘာဝပါတ်ဝန်းကျင်ဆုံးရှုံးနိုင်ခြေများနှင့် ဒေသခံရပ်ရွာအသိုက်အဝန်းစုံတို့အတွက် အကျိုးခံစားရမှု မြောက်များ လှစွာ၏အရေးကြီးပုံကို အသိအမှတ်ပြုခြင်းမှ ဆင်းသက်လာပါသည်။ လုံခြုံမှုအစီအမံများအရ REDD+လုပ်ငန်းစဉ် များကိုဆောင်ရွက်သောအခါ အောက်ပါလုံခြုံမှုအစီအမံများကို တိုးတက်မြှင့်တင် ထောက်ပံ့ပေးရမည်။

၁။ REDD+ လုပ်ဆောင်မှုများသည် အမျိုးသားသစ်တောလုပ်ငန်းများ၊ သင့်လျော်သည့် နိုင်ငံတကာစာချုပ်များ၊ သဘောတူညီချက်များဖြင့် ကိုက်ညီမှုရှိရမည်ဖြစ်သည်။

၂။ အမျိုးသားသစ်တောစီမံအုပ်ချုပ်မှုစနစ်သည် သက်ဆိုင်ရာဥပဒေများ နှင့် အချုပ်အခြာအာဏာတို့အောက် တွင် ထိရောက်ပြီးပွင့်လင်းမြင်သာရှိရမည်။

၃။ သင့်လျော်သည့် နိုင်ငံတကာနှင့်အညီယူရမည့်တာဝန်များ၊အမျိုးသားရေးအခြေအနေများ နှင့် ဥပဒေများ အောက်တွင် ကုလသမဂ္ဂသည် ဌာနေတိုင်းရင်းသားအခွင့်အရေးကြေငြာစာတမ်းကို ချမှတ်ပြီးကြောင်း သိမှတ် လျှက် ဌာနေတိုင်းရင်းသားများ၊ဒေသခံရပ်ရွာအသိုက်အဝန်းတို့၏အခွင့် အရေးများ နှင့် ဗဟုသုတ အသိပညာတို့ကို လေးစားရမည်။

၄။ သင့်လျော်သည့် ပါဝင်ပါတ်သက်သူများ အထူးသဖြင့် ဌာနေတိုင်းရင်းသားများနှင့်ဒေသခံရပ်ရွာ အသိုက် အဝန်းများတို့၏ ပြည့်ဝထိရောက်သော ပူးပေါင်းပါဝင်မှုကို REDD+ လုပ်ငန်းစဉ်များတွင် ရယူရမည်။

၅။ သဘာဝသစ်တောများ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် REDD+ လုပ်ဆောင် မှုများသည် ကိုက်ညီမှုရှိသဖြင့် သဘာဝသစ်တောများကို အသွင်ပြောင်းစေရန်အသုံးချမှုမဖြစ်စေရပဲ သဘာဝတောများနှင့် ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းရာတွင် ပိုမိုစိတ်ထက်သန်စေခြင်းအားဖြင့် အခြားလူမှုအကျိုး ကျေးဇူးများတိုးပွားလာစေရန် REDD+ လုပ်ငန်းများကို အသုံးပြုရမည်ဖြစ်သည်။

၆။ တန်ပြန်သက်ရောက်နိုင်သော ဆုံးရှုံးနိုင်ချေများ ဖြေရှင်းနိုင်သည့် လုပ်ဆောင်ချက်များ

၇။ နေရာရွှေ့ပြောင်း၍ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကို လျှော့ချမည့် လုပ်ဆောင်ချက်များ

ရင်းမြစ်- *http://unfccc.int/resource/docs/2010/cop16/eng/07a01.pdf*



မြှင့်တင်ရန်ရည်ရွယ်သောအားဖြင့် ဌာနေတိုင်းရင်းသား နှင့် အခြားဒေသခံ ရပ်ရွာအသိုက်အဝန်းတို့၏ အခွင့်အရေးများနှင့်ဗဟုသုတများ၏ တန်ဖိုးများကိုအသိမှတ်ပြုရာတွင် ကိုက်ညီမှုရှိရမည်ဖြစ်သည်။

ကန်ကွန်းသဘောတူညီချက်ထွက်ပေါ်လာပြီးနောက် နှစ်နိုင်ငံချင်း နှင့် နိုင်ငံပေါင်းစုံ အေဂျင်စီများက အောက်တွင်ပြုစုတင်ပြထားသည့် လူမှုရေးနှင့်သဘာဝပါတ်ဝန်းကျင်ဘေးကင်းလုံခြုံမှုအစီအမံများ၊ လမ်းညွှန်ချက်များ နှင့် စံနှုန်းများကို ထပ်မံတိုးတက်လုပ်ဆောင်ခဲ့ကြပါသည်။ ၎င်းတို့မှာ နိုင်ငံများက ကိုယ်ပိုင်အခြေအနေတွင် ပြုပြင်ရယူသုံးစွဲနိုင်သည့်လမ်းညွှန်များ(Voluntary Guideline) ဖြစ်ကြပါသည်။ ယင်းတို့ထဲမှအများစုမှာ (FPIC)အပါအဝင် သဘောတူညီမှုမှုရှိစေခြင်း၏ အစိတ်အပိုင်းအမျိုးမျိုးကို ရည်ညွှန်းပြုကြသည်- ဌာနေတိုင်းရင်းသားများနှင့်ဒေသခံရပ်ရွာအသိုက်အဝန်းတို့၏ အခွင့် အရေးများကို လေးစားသိမှတ်ခြင်း၊အမျိုးသားအချုပ်အခြာအာဏာ၊ သင့်တင့်မျှတသောအကျိုးကျေးဇူးဝေမျှခြင်း၊ ပြည့်ဝထိရောက်သည့်ပူးပေါင်းပါဝင်ခြင်း၊ သတင်းအချက်အလက်များကို လက်လှမ်းမှီခြင်း၊ အမျိုးသမီးများအပါအဝင်ဘေးဖယ်ခံရသူများကိုလုပ်ပိုင်ခွင့်ပေးခြင်း နှင့် ကာဗွန်စီမံချက်များတွင် ၎င်းတို့ကိုပူးပေါင်းပါဝင်စေခြင်း၊ UNDRIP နှင့်ကိုက်ညီမှုရှိစေခြင်းတို့ဖြစ်ပါသည်။ ယင်းလုပ်ဆောင်မှုများ တွင် အောက်ပါတို့ပါဝင်ပါသည်။

- the Forest Carbon Partnership Facility မှ ရေးဆွဲထားသော မဟာဗျူဟာမြောက် သဘာဝပါတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆန်းစစ်ချက် (SESA) (www.forestcarbonpartnership.org/)

- UNREDDက ရေးဆွဲထားသည့် REDD+တွက် လူမှုရေးနှင့်သဘာဝပါတ်ဝန်းကျင်စည်းမျဉ်းစည်းကမ်းများမူဘောင် (www.un-redd.org)

- ရာသီဥတု၊ရပ်ရွာအသိုက်အဝန်း နှင့် ဇီဝမျိုးစုံမျိုးကွဲ မဟာမိတ်အဖွဲ့ (CCBA)၏ REDD+အတွက် လူမှုရေးနှင့်သဘာဝ ပါတ်ဝန်းကျင်စံနှုန်းများ (SES) (www.redd-standards.org/)

- မိုးသစ်တောမဟာမိတ်အဖွဲ့၏ REDD+အတွက် လူမှုရေးနှင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်း လုံခြုံမှု အစီအမံများ (www.rainforest-alliance.org/publications/redd-safeguards-guide)

- စိုက်ပျိုးရေးနှင့် သဘာဝရင်းမြစ်များအပြောင်းအလဲကို အမျိုးသမီးစုစည်းလုပ်ဆောင်ခြင်းအဖွဲ့၏ ((WOCAN) အမျိုးသမီး ကာဗွန်စံနှုန်း (www.womenscarbon.org)

# မေးခွန်း(၇)

## အောက်ခြေကျေးလက်အဆင့် သစ်တောအခြေပြု ရာသီဥတုပြောင်းလဲမှုလျော့ကျရေးလုပ်ငန်းများတွင် သာတူညီမျှမှုရှိစေခြင်းကို သေချာမှုရှိစေရန်အတွက် အဓိကကျသော စိန်ခေါ်ချက်များမှာ အဘယ်နည်း။

သစ်တောအခြေပြု ရာသီဥတုပြောင်းလဲမှုလျော့ကျရေး လုပ်ငန်းများအထူးသဖြင့် အောက်ခြေကျေးလက်အဆင့်တွင် သာတူညီမျှမှုရှိစေခြင်းကို တိုးတက်ကောင်းမွန်စေခြင်းနှင့် သေချာစေခြင်းမှာ စိန်ခေါ်ချက်များသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ၎င်းသည် အဓိကအားဖြင့် သာတူညီမျှမှု ရှိစေခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုရာမှ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ သာတူညီမျှမှုရှိစေခြင်းတွင် လူမှုရေး ဆက်စပ် အခြေအနေပါဝင်နေသဖြင့် မတူခြားနားသောအခြေအနေ နှင့် ယဉ်ကျေးမှုနောက်ခံများတွင် မတူကွဲပြားသော ဖွင့်ဆိုချက်မျိုး ဖွင့်ဆိုကြပါသည်။ ထို့အတူပင် ရာသီဥတုပြောင်းလဲမှုတွင် မျှတမှု အယူအဆ နှင့် REDD+ ယန္တရားများသည်လည်း မတူခြားနားသောအခြေအနေ နှင့် ယဉ်ကျေးမှု နောက်ခံများ တွင် အမျိုးမျိုး ဖြစ်နေကြပါသည်။ ဤသည်တို့ကြောင့် ကြိုတင်ရှိထားရမည့် အခြေအနေ အဖြစ်ဖြင့် သာတူညီမျှမှုရှိစေ ခြင်းကို မြှင့်တင်ပေးရမည်ဟု ဆိုလိုရာရောက်ပါသည်။ လူမှုယဉ်ကျေးမှု နှင့် ဇီဝရုပ်ပိုင်းဆက်စပ်အခြေအနေတို့ကို နားလည်ထားရန်အရေးကြီးပါသည်။ သာတူညီမျှမှုရှိစေခြင်းကို လုပ်ဆောင်နိုင်စေမည့်ပုံစံရရှိစေရန် နှင့် ဘုံနားလည်မှုကို ဘောင်ခတ်ပုံဖော်ရန်မှာ မျှတမှု သို့မဟုတ် မတရား ဆိုသည်ကို မည်သူကပါဝင်ဆုံးဖြတ်နေသည် မည်သည့်နည်းဖြင့် မျှတမှုကို ဆုံးဖြတ်သည် အစရှိသည်ကို ဆန်းစစ်အကဲဖြတ်ရန် မဖြစ်မနေလိုအပ်သည်ဟု ဆိုခြင်း ဖြစ်ပါသည်။

ဒေသအဆင့်ရှိ ရာထူးရာခံအပြောင်းအလဲနှင့်လုပ်ပိုင်ခွင့်များသည်လည်း သာတူညီမျှမှုရှိစေခြင်းကို လွှမ်းမိုး ခြယ်လှယ်သော အကြောင်းအရာများဖြစ်ကြပါသည်။ ယင်းရာထူးအာဏာများ အပြောင်းအလဲကြောင့် အများပူးပေါင်း ပါဝင်မှုဖြစ်စဉ်များ၊ ရင်းမြစ်များနှင့်အကျိုးကျေးဇူးများကို သာတူညီမျှရှိစွာ ခွဲဝေသုံးစွဲရာတွင် အကျိုးသက်ရောက်မှုရှိပါသည်။ အာဏာဆက်သွယ်ချက်များမှနေပြီး လူ့မလိုင်အလွှာတို့က သဘာဝရင်းမြစ်များကို သိမ်းပိုက်ထားခြင်း၊ သဘာဝရင်းမြစ်များမှ ရရှိသောကုန်ကျမှု များနှင့် အကျိုးကျေးဇူးများကို ဖြန့်ဝေရာတွင် ခွဲခြားဆက်ဆံမှုများ ကျင့်သုံးခြင်းကဲ့သို့သော ကိစ္စရပ် များပေါ်ထွက်လာနိုင်ပါသည်။

အခြားအရေးကြီးသော စိန်ခေါ်ချက်တစ်ရပ်မှာ မြေယာ အခွင့်အရေး နှင့် မြေယာပိုင်ဆိုင်ခွင့်ဖြင့် ဆက်နွယ်နေပါသည်။ မရှင်းလင်းသော မြေယာစနစ်များ အဆင့်အမျိုးမျိုးတို့ရှိ မြေယာအခွင့်အရေး လက်ဝယ်ပိုင်ဆိုင်သူတို့အကြား REDD+အတွက် တာဝန်နှင့်ဝတ္တရားများက ဒေသခံ ရပ်ရွာ အသိုက်အဝန်းများနှင့် ဌာနေတိုင်းရင်းသားတို့၏ ရိုးရာအခွင့်အရေးများကို မှားယွင်းစွာ သိမ်းသွင်းယူခြင်းများဆီသို့ ဦးတည်သွားနိုင်ပါသည်။ ဤကဲ့သို့သောအခြေအနေမျိုးတွင် REDD+မှ ကာဗွန်နှင့်ကာဗွန်မဟုတ်သော အကျိုးကျေးဇူးများ လက်လှမ်းမှီရယူခြင်းကို မှန်ကန်စွာသတ်မှတ်နိုင်ရန် အလွန်အရေးကြီးပါသည်။ ကာဗွန်နှင့် ကာဗွန် မဟုတ်သော အကျိုးကျေးဇူးများနှင့် မြေယာပိုင်ဆိုင်ခွင့်၊ လက်လှမ်းမီမှုတို့သည် ရှင်းလင်းခြင်းမရှိပါက အဆင့်တိုင်းရှိ အကျိုးခံစားရသူများအကြားတွင် တရား မမျှတမှုကို မွေးထုတ်ပေးသကဲ့သို့ဖြစ်ပေလိမ့်မည်။ အထူးသဖြင့် ရင်းမြစ်ရယူပိုင်ခွင့်ကိုအသိမှတ် ပြုမခံရသူများမှာ ဖယ်ထုတ်ခံရနိုင်ပြီး အပြန်အလှန်အားဖြင့် REDD+ အကျိုးခံစားခွင့်များမှလည်း ဖယ်ထုတ်ခံရဖွယ်ရှိပေသည်။

REDD+မှ ကုန်ကျမှုများနှင့်အကျိုးတရားဖြန့်ဝေမှုများအတွက်နည်းလမ်းတစ်ရပ်ကို ပုံဖော်လုပ်ဆောင်ခြင်းသည် နောက်ထပ်စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ ကြာရှည်ကြုံတွေ့နေရသောမသေချာ မရေရာမှု ရှု ထောင့်မှ



REDD+မှအကျိုးတရားများကိုချိန်ထိုးကြည့်လျှင်သစ်တောနှင့်အခြားကာဗွန် ကြွယ်ဝသော ဂေဟာစနစ်ကိုထိန်းသိမ်းကာကွယ်ခြင်းနှင့် ရေရှည်ခံအသုံးပြုခြင်းတို့အတွက် သမိုင်းနောက်ခံအရ တာဝန်ရှိသူများဖြစ်သည့် သစ်တောမှီခိုရပ်ရွာများနှင့် ဌာနေတိုင်းရင်းသား တို့သည် ကာဗွန်ထုတ်လွှတ်မှုလျော့ချရေးကိုအထောက်အကူဖြစ်စေမည့် မက်လုံးနဲပါး သို့မဟုတ် လုံးလုံးမျှမရှိ သကဲ့သို့ ဖြစ်နေသည်။

ရာသီဥတုပြောင်းလဲမှုနှင့် REDD+အရေးကိစ္စတို့အပေါ် နိုင်ငံတကာညှိနှိုင်းရေး လုပ်ငန်းစဉ်များတွင် အောက်ခြေ ကျေးလက်မှ လုံလောက်သော ကိုယ်စားပြုပါဝင်မှုမရှိခြင်းသည်လည်း အတားအဆီး တစ်ရပ်ဖြစ်နေပေသည်။ ယင်းမှာ အောက်ခြေကျေးလက်ပါဝင်ပါတ်သက်သူများနှင့် ကိုယ်စားပြုသူများ၏ ရာသီဥတုပြောင်းလဲမှုနှင့်REDD+ကို နားလည်မှုအားနည်းခြင်းကြောင့် အဓိက ဖြစ်ရပြီး ယင်းကြောင့် သက်ဆိုင်ရာအဆင့်အသီးသီးရှိ မူဝါဒချမှတ်သူများနှင့် အခြားဆုံးဖြတ်ချက် ချမှတ်နိုင်သူများအား ၎င်းတို့၏အသံများနှင့် စိုးရိမ်မှုများကို ထိရောက်စွာ ရှင်းပြပြောဆိုနိုင်စွမ်းလည်း နိမ့်ကျသွားစေပါသည်။ ထိုထက်ပိုသည်မှာ REDD+နှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းအချက်အလက်ကို လက်လှမ်းမှီမှုသည် အထူးသဖြင့် ဒေသခံဘာသာစကားဖြင့် ဘာသာပြန်ပြီးရှိမနေခြင်းက အောက်ခြေကျေးလက်နေပါဝင်ပါတ်သက်သူများကို ဆုံးဖြတ်ချက် ချခြင်းဖြစ်စဉ်အတွင်း ပါဝင်မှု ကို ကြီးမားစွာကန့်သတ်ထားသကဲ့သို့ဖြစ်နေပါသည်။ ယင်းအဟန့် အတားများကြောင့် ထွက်ပေါ်လာသည့် ရလာဒ်များမှာ အောက်ခြေကျေးလက်နေပါဝင်ပါတ်သက်သူများကို အကျိုးမရှိ ဖြစ်စေနိုင်သည့် အနေအထားတစ်ရပ်ဖြစ်ပေါ်စေပြီး ယင်းက ၎င်းတို့၏ထိခိုက်လွယ်မှုကို REDD+စီမံကိန်းကို ထောက်ခံသူ များအားဖြင့် အသုံးချခံရခြင်း သို့မဟုတ် အခွင့်အရေး များမှ အတားဆီးခံရခြင်းများကို ထပ်ပေါင်းထည့်ပေးသလိုဖြစ်စေနိုင်ပါသည်။

လူမှုယဥ်ကျေးမှု ယှက်နွယ်နောက်ခံအခြေအနေတွင် အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် REDD+ ဝင်ရောက်လုပ်ဆောင်မှုကိုရေးဆွဲရာတွင် သစ်တောမှီခိုရပ်ရွာအသိုက်အဝန်းများ၊ ဌာနေတိုင်းရင်းသားများအကြားမှ ရိုးရာဓလေ့အသိပညာများ၏တန်ဖိုးနှင့်ကြွယ်ဝမှုကို အသိအမှတ်ပြုရန် အရေးကြီးပါသည်။ ဌာနေတိုင်းရင်းသားများနှင့်ဒေသခံရပ်ရွာအသိုက်အဝန်းတို့နှင့် သက်ဆိုင်သော REDD+ သာတူညီမျှမှု ရှိစေခြင်းအရေးနှင့်ပါတ်သတ်သည့် ဆွေးနွေးငြင်းခုံမှုများ ဒေသဗဟုသုတများနှင့် အလေ့အထများကို အသိမှတ်ပြုသင်ယူတတ်ရန်လိုအပ်ကြောင်း သတိပြုမိစေပါသည်။ သို့သော် REDD+ ဆွေးနွေးပြောဆိုခြင်းများတွင် ယင်းအချက်များအား များစွာအလေးပေးခြင်းမခံရသေးချေ။ သို့ဖြစ်သောကြောင့် REDD+အတွက် ဆုံးရှုံးရမည့် အနေအထား များတိုးမြှင့်ဖြစ်ပေါ်လာဖွယ်ရှိနေပေသည်။




# ကဏ္ဍ ၄။ အောက်ခြေကျေးလက်များတွင် သင့်တင့်မျှတစေခြင်း တိုးတက်ဖြစ်ထွန်းစေရေး စွမ်းဆောင်ရည်မြှင့်တင်မှု

# မေးခွန်း(၈)

## ရာသီဥတုပြောင်းလဲမှုနှင့် REDD+ လုပ်ငန်းစဉ်အတွင်း သာတူညီမျှမှုရှိစေခြင်းကို မြှင့်တင်လုပ်ဆောင်ရာတွင် ဒေသခံများအား ပံ့ပိုးကူညီသူတို့၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

အများပူးပေါင်းပါဝင်ခြင်းသည် လူသားမျိုးနွယ်ကွဲပြားမှုကို စည်းနှောင်ပေးသောဖြစ်စဉ်တစ်ခုဖြစ်ပြီး ခံစားရမှုများ၊ ချိတ်ဆက်မှုနှင့် အပြန်အလှန်ပြောဆိုမှုတို့မှတဆင့် နှစ်ဖက်ပါဝင်ပါတ်သက်ရမည့် ကိစ္စရပ်များအပေါ် တစ်ဦးချင်းအလိုက်မှ စုပေါင်းလုပ်ကိုင်ဆောင်ရွက်မှုဆီသို့ ရောက်အောင်လမ်းကြောင်းပေးသည့် စွမ်းအားများတည်ဆောက်ပေးခြင်းကို အလေးထားသောဖြစ်စဉ်တစ်ခုဖြစ်ပါသည်။
အထက်ဖော်ပြပါချိတ်ဆက်မှုဖွင့်ဆိုချက်အတိုင်း အောက်ခြေကျေးလက်ပံ့ပိုးသူတစ်ယောက်အနေဖြင့် ရာသီဥတု ပြောင်းလဲမှုနှင့်REDD+ အစီအစဉ်တွင် သင့်တင့်မျှတစေမှုလုပ်ငန်းကို ပိုမိုကောင်းမွန်တိုးတက်စေရန် အောက်ခြေ ကျေးလက်ပါဝင်ပါတ်သက်သူများချိတ်ဆက်နိုင်မှုကို ပံ့ပိုးပေးခြင်း နှင့် အဓိကအတားအဆီးများ၊စိန်ခေါ်ချက်များကို ဖြေရှင်းပေးရာတွင် ကဏ္ဍအမျိုးမျိုးမှ ပါဝင်လှုပ်ရှားရန် လိုအပ်ပါသည်။ သင့်တင့်မျှတစေခြင်းကို တိုးတက်ကောင်းမွန်စေရန် အောက်ခြေကျေးလက်ပံ့ပိုးသူတစ်ဦး၏ အဓိကအခန်းကဏ္ဍအချို့တွင် အောက်ပါတို့ပါဝင်ပါသည်။

- **ရပ်ရွာစည်းရုံးရေးသမား** - ရပ်ရွာအသင့်ပြင်ဆင်မှုအနေအထားကို ကူညီပေးခြင်း ယင်းတွင် ကိုယ်စားပြုမှုလျော့နည်းသော အုပ်စုများ၏ ပါဝင်မှုအစီအစဉ်ပြင်ဆင်ပေးခြင်း နှင့် ကူညီထောက်ပံ့ခြင်းတို့ပါဝင်ပါသည်။

- **ဖြစ်စဉ်ပုံဖော်သူနှင့် လမ်းညွှန်သူ**- ရေတိုရေရှည်ချိတ်ဆက်မှုဖြစ်စဉ်များကို ရေးဆွဲပုံဖော်ခြင်း- ရည်ရွယ်ချက်များ ရှင်းလင်းစွာချမှတ်ခြင်း နှင့် အဆင့်တစ်ဆင့်ခြင်းစီကို အခြားအဆင့်များဖြင့် ယုတ္တိကျကျ ချိတ်ဆက်ပေးခြင်း

- **ယုံကြည်မှုတည်ဆောက်ပေးသူ-** အားနည်းသောပါဝင်ပါတ်သက်သူများကို ၎င်းတို့အရေးကြီးသည်ဟု ထင်မြင်ယူဆ တောင်းဆိုသည့် ကိစ္စရပ်များအပေါ် ကောင်းစွာပြောဆိုနိုင်စေရန် ယုံကြည်မှုတည်ဆောက်ပေးခြင်း

- **သတင်းအချက်အလက်ဖြန့်ဝေပေးသူ၊ရှင်းလင်းတင်ပြသူ-** ရာသီဥတုပြောင်းလဲမှု၊ REDD+တို့နှင့် ပါတ်သက်ပြီး နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုများ၊ စံနှုန်းများ နှင့် သတင်းအချက်အလက်များဖြင့် မျက်ချည်မပြတ်စေခြင်း၊ ပါဝင်ပါတ် သက်သူတို့၏အမြင်ကိုလွှမ်းမိုးစေနိုင်မည့် ပုဂ္ဂိုလ်ရေးအကြံဉာဏ်များ ရှောင်ရှား ပြီး ရှင်းလင်းလွယ်ကူသောနည်းလမ်းဖြင့် ရှင်းလင်းပြနိုင်ခြင်း

- **ချိတ်ဆက်သူ၊ ဆက်သွယ်သူ -** လူအုပ်စုများနှင့်ကိစ္စရပ်များအကြားရှိ ချိတ်ဆက်မှုများ၊ကိစ္စရပ်များကို သိမြင်ခံစားလွယ်ပြီး လိုအပ်ပါက ယုံကြည်မှုရှိရှိဖြင့် သွားရောက်ကူညီပေးခြင်း

- **ရိုးရိုးသားသားအကျိုးဆောင်သမား-**ရပ်ရွာနှင့်ကုန်ပစ္စည်းထုတ်လုပ်သူနှင့်ထုတ်ကုန်ပံ့ပိုးသူတို့အကြား မျှတပြီး ပွင့်လင်းမြင်သာသော ဈေးကွက် နှင့် ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်တို့ဖြင့် ချိတ်ဆက်ပေးခြင်း



- **နေရာဖန်တီးပေးသူ -** ထင်မြင်ချက်များကိုအားကောင်းစေခြင်း နှင့် ရှုမြင်ပုံများကို ဘက်မလိုက်စေခြင်း တို့အတွက် - ကိုယ်စားပြုမှုနည်းပါး၍အသံမပြုနိုင်ကြသောသူများကို ပြည်သူအများဖြင့် ဆုံးဖြတ်ချက်ချခြင်း ဖြစ်စဉ်အတွက် အခွင့်အ လမ်းရှာဖွေပေးနိုင်မည့် တစ်စုံတစ်ယောက်သော ရင်းမြစ်ပိုင်ရှင်

- **မှတ်တမ်းတင်သူ-** မူလအဓိပ္ပါယ်မပျက်ယွင်းစေပဲ အမြင်များကို အရည်အသွေးပြည့်မီစွာ မှတ်တမ်းတင်နိုင်ခြင်း

- **ကျားမတန်းတူညီမျှရေး ခေါင်းဆောင်-** ကျား၊မ ပါဝင်မှုအင်အား ခြားနားချက်များနှင့် စံနှုန်းဆိုင်ရာစိန်ခေါ်မှုများတွင် ခေါင်းဆောင်မှု အရည်သွေးကို ဖော်ပြနိုင်စွမ်းရှိခြင်း- ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့် မျှမျှတတ အကျိုးခွဲဝေခြင်းတို့တွင် ကျား၊မ သာတူညီမျှစွာ ဖြင့် အဓိပ္ပါယ်ပြည့်ဝစွာပူးပေါင်းပါဝင်နိုင်စွမ်းရှိစေခြင်း

- **ကဏ္ဍစုံမှ ဆက်စပ်ပါဝင်သူများ အပြန်အလှန်ပြောဆိုရေး မြှင့်တင်ဆောင်ရွက်သူ-** မတူညီသော သူတို့အကြားအပြန်အလှန်ဆွေးနွေးပြောဆိုမှုကိုအားပေးရန် နည်းလမ်းများအသုံးပြုခြင်း၊ အခွင့်အလမ်းများ ဖန်တီးပေးခြင်း နှင့် အုပ်စုအမြင်အသီးသီး၏ သဘောတူညီနားလည်မှုတစ်ရပ်ဆီသို့ရောက်ရှိစေခြင်း

- **မြှင့်တင်ဆောင်ရွက်သူ-** လိုအပ်သည့်နေရာများတွင် ရက်ဒ်ပလပ်စ်ဆုံးဖြတ်ချက်ချမှတ်ခြင်းများ၌ ဒေသဌာနေတိုင်း ရင်းသားများနှင့် သစ်တောမှီခိုရပ်ရွာများပါဝင်မှုကို ရပ်တည်ဆောင်ရွက်ပေးခြင်း၊သေချာစေခြင်း



အထက်ဖော်ပြပါကဏ္ဍများကို လုပ်ကိုင်နေစဉ်တွင် အောက်ခြေကျေးလက်ပံ့ပိုးဆောင်ရွက်သူတစ်ဦးအနေဖြင့် သင့်တင့်မျှတစေခြင်းကို မြှင့်တင်ဆောင်ရွက်ရာတွင် ဆွေးနွေးရမည့် အကြောင်းအရာနှင့်ပါတ်သက်လာလျှင် ဘက်မလိုက်ပဲ ကြားနေရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ ပံ့ပိုးသူက မည်သည့်ဆုံးဖြတ်ချက်မျှမချမှတ်ရပါ။ မည်သည့် ဘက်ကိုမျှ မယူရပါ- ပံ့ပိုးသူနှင့်အတူအလုပ်လုပ်နေကြသော ပါဝင်ပါတ်သက်သူများက ၎င်းတို့အတွက် သင့်တင့်မျှတစေခြင်းမှာ မည်သို့မည်ပုံဖြစ်သည်ကို ဆုံးဖြတ်ကြပြီး ယင်းသာတူညီမျှမှုရှိစေခြင်းပုံစံမှာ ၎င်းတို့၏ လူမှုယဉ်ကျေးမှုနှင့် ဇီဝရုပ်ဂုန်းကျင်ဆိုင်ရာတို့တွင် မည်သို့အသုံးချမည်ကို ဆုံးဖြတ်ကြမည်ဖြစ်ပါသည်။ နည်းလမ်းကျနသည့် သာတူညီမျှမှုရှိစေခြင်းကို မြှင့်တင်ခြင်းနှင့်ပါတ်သက်၍ မတူခြားနားကြသည့် ဘေးဖယ်ခံ (လူရာသွင်းမခံရသည့်) အုပ်စုများကို ထည့်သွင်းစဉ်းစားအသိမှတ်ပြုရန် နှင့် ၎င်းတို့၏တက်ကြွစွာပူးပေါင်းပါဝင်ခြင်းကို အားပေးခြင်းဖြင့် ထိုသူတို့၏စိုးရိမ်ပူပန်မှုများ၊အကျိုးတရားများကို ထိရောက်စွာ ဖော်ထုတ်ပြောဆိုနိုင်စေရေးသေချာစေရန် ပံ့ပိုးသူအတွက် အရေးကြီးပါသည်။ ဤအချက်က သင့်တင့်မျှတစေခြင်း၏ ဆက်စပ်ဆီလျော်မှုအမြင်နှင့်ချိတ်ဆက်နေပြီး မကြာခဏဘေးဖယ်ခံရသူများကို ဖော်ထုတ်သတ်မှတ်ကာ ၎င်းတို့၏ စွမ်းဆောင်ရည်ကိုတည်ဆောက်ပေးခြင်းနှင့် REDD+၏ ကာဗွန် နှင့် ကာဗွန် မဟုတ်သော အကျိုးကျေးဇူးများကို လက်လှမ်းမီပြီး ထိန်းချုပ်နိုင်စွမ်းကို တိုးပွားစေခြင်းအားဖြင့် ထိုသူတို့၏အကျိုးတရားများကို ရက်ဒ်ပလပ်စ်စီမံချက်များ၏ စီမံကိန်းရေးဆွဲခြင်း နှင့် အကောင်ထည်ဖော်ဆောင်ရွက်ခြင်းများတွင် သေချာစေရန် လိုအပ်ပါသည်။

# မေးခွန်း(၉)

## သစ်တော၊ ရာသီဥတုပြောင်းလဲမှုနှင့် REDD + တို့တွင် သာတူညီမျှမှုရှိစေခြင်းကို စောင့်ကြည့်လေ့လာခြင်း အတွက် အဓိကကျသည့် စံနှုန်းများနှင့် ညွှန်းကိန်းများမှာ အဘယ်နည်း။

သစ်တော၊ရာသီဥတုပြောင်းလဲခြင်း နှင့် ရက်ဒ်ပလပ်စ်လုပ်ငန်းစဉ်တို့တွင် သာတူညီမျှရှိစေခြင်း၏ တန်ဖိုးများ နှင့် အခြေခံကျသောစည်းမျဉ်းများကို ထိထိရောက်ရောက်တစ်သားတည်း ပေါင်းစပ်ထည့်သွင်းလုပ်ဆောင် နိုင်ရန်ရည်ရွယ်၍ သာတူညီမျှရှိစေခြင်းအတိုင်းအတာ ၃ ရပ်စလုံး ကို စောင့်ကြည့်လေ့လာရပ်လိုအပ်ပါသည်။ ယင်းစောင့်ကြည့်လေ့လာခြင်းကို အထောက်အကူပြု စေမည့် အဓိကကျသော စံနှန်း နှင့် ညွှန်ကိန်းများကို အကျဉ်းချုပ်စာရင်းပြုစုတင်ပြထားပါသည်။

**ဖြန့်ဝေမှုဆိုင်ရာသင့်တင့်မျှတစေခြင်း** - ၎င်း၏အဓိကကျသောအစိတ်အပိုင်းများတွင် ကုန်ကျစရိတ်၊ ဆုံးရှုံးနိုင်ခြေ နှင့် အကျိုးတရားများကို အကျိုးတရားပါတ်သက်သူများအကြား ညီတူညီမျှဖြန့်ဝေရေး စသည်တို့ ပါဝင်ပါသည်။ အောက်ပါအခြေခံဆန်းစစ်ချက်ဖြင့် ဖြန့်ဝေမှုဆိုင်ရာ သာတူညီမျှရှိစေခြင်း၏ အဓိက အစိတ်အပိုင်းများ နှင့် သက်ဆိုင်ရာ အရည်အသွေးနှင့်အရေအတွက် အချက်အ လက်များကို အကြမ်းဖျင်းဖော်ထုတ်ထားနိုင်ပါသည်။ ယင်းအချက်အလက်တို့သည် REDD+ တွင် ဖြန့်ဝေမှုဆိုင်ရာသင့်တင့်မျှတစေခြင်းကို အကောင်ထည်ဖော်ခြင်းနှင့်ယင်း၏ထိရောက်မှုကို စောင့်ကြည့်လေ့လာရန် လိုအပ်ပါသည်။

| အဓိကကိစ္စရပ်များ | စောင့်ကြည့်လေ့လာရန်စုဆောင်းရမည့် သတင်းအချက်နှင့် အမျိုးအစား |
|---|---|
| ကုန်ကျစရိတ်များ | • ကုန်ကျစရိတ်အမျိုးအစား- ငွေကြေးနှင့်ငွေကြေးမဟုတ်သောဒေသခံအကျိုးတရား ပါဝင်သူတို့က လုပ်အားပေးခြင်း သစ်တောကို ကင်းလှည့်ပေးခြင်း၊ စိုက်ခင်းစိုက်ခြင်း၊ သစ်တောပြုစုပျိုးထောင်ခြင်းစသည် တို့မှတဆင့် ထောက်ကူခြင်း<br>• ထိုကုန်ကျစရိတ်များ၏အချိုးကျကျခံစေခြင်း/ဖြန့်ဝေခြင်း-သစ်တောစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် မည်သည့်အချိန်၊ မည်သူက၊ ငွေသို့မဟုတ်အချိန်ကို ပေးမျှလုပ်ဆောင်ရမည်စသည် |
| ဆုံးရှုံးနိုင်ခြေ | • သစ်တောရင်းမြစ်များ လက်လှမ်းမှီမှုကိုကန့်သတ်ခံရခြင်း၊ အသက်မွေးဝမ်းကြောင်း စိန်ခေါ် မှုများ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့် အကျိုးကျေးဇူးမျှဝေခြင်းတို့မှ အချို့သော လူအုပ်စုများ ဖယ်ထုတ်ခံရနိုင်ခြင်း၊ ဒေသခံအကျိုးတရား ပါဝင်ပါတ်သက်သူတို့၏ လက်တွေ့မကျသောမျှော်လင့်ချက်များ၊ အကျိုးကျေးဇူးရသည်နှင့်မမျှသော ကုန်ကျစရိတ် |
| အကျိုးကျေးဇူးများ | • သစ်တောမှရရှိသော ငွေကြေးနှင့်ငွေကြေးမဟုတ်သော အကျိုးကျေးဇူးများ၊ ကာဗွန်နှင့် ကာဗွန်မဟုတ်သည့် သစ်တောရင်းမြစ်များမှရရှိသော ဝင်ငွေ (တစ်ဦးချင်းပေးဆောင်ငွေ သို့မဟုတ်/ နှင့် ရပ်ရွာစီမံချက်များအတွက်အသုံးပြုခြင်း) ဤအကျိုးကျေးဇူးများကို ပိုမိုကောင်းမွန်စွာလက်လှမ်းမှီစေ ခြင်း၊ဝင်ငွေရလုပ်ငန်းများအလှည့်ကျဖြစ်ထွန်းလာခြင်း၊ ရက်ဒ်ပလပ်စ်လုပ်ငန်းစဉ်တွင် ဘေးဖယ်ခံရသော ရပ်ရွာတွင်းမှအုပ်စုများ နှင့် အမျိုးသမီးများတို့၏ပူးပေါင်းပါဝင်မှုကိုတိုးပွားလာစေခြင်း<br>• အခွင့်အရေး နှင့် အကျိုးကျေးဇူးများဖြင့်စပ်လျဉ်းသည့် ပြောင်းလဲမှုဇတ်လမ်းများနှင့် အခြားမှတ်တမ်းတင်ထားသည့် အထောက်အထားများ။ |

**နည်းလမ်းကျနသော သာတူညီမျှရှိစေခြင်း** က ဆုံးဖြတ်ချက်ချမှတ်ရာတွင် အကျိုးတရားပါဝင်ပါတ်သက်သူများ၊ အခွင့်အရေးပိုင်ဆိုင်သူများတွင် ထိရောက်စွာပူးပေါင်းပါဝင်ခွင့်နှင့် ၎င်းတို့၏ စိုးရိမ်မှု များကို ဖော်ထုတ်ပြောဆိုခွင့်ကိုသေချာစေခြင်းရှိမရှိ ထည့်သွင်းစဉ်းစားသည်။ အောက်ပါပြုစုထားသော ဆန်းစစ်ချက်က နည်းလမ်းကျနသော သာတူညီမျှရှိစေခြင်း အဓိကညွှန်ကိန်းများ၊ ယင်းညွှန်ကိန်းများကို တိုင်းတာရန်နှင့် နည်းလမ်းကျနသော သာတူညီမျှရှိစေခြင်းလုပ်ငန်းစဉ်ကို စောင့်ကြည့်လေ့လာခြင်းနှင့်သက်ဆိုင်သည့် အချက်များ စသည်တို့ ပါရှိပါသည်။

| အဓိကကိစ္စရပ်များ | စောင့်ကြည့်လေ့လာရန်စုဆောင်းရမည့် သတင်းအချက်နှင့် အမျိုးအစား |
|---|---|
| အဓိကကျသော အကျိုးတရား ပါဝင်ပတ်သက်သူများနှင့် ဒေသအဆင့် ဆုံးဖြတ်ချက် ချသူများ ပါဝင်ဖွဲ့စည်းထားပုံ | • အကျိုးတရားပါဝင်ပါတ်သက်သူများဆန်းဆစ်ချက်- အမျိုးသမီး၊ တိုင်းရင်းသား အုပ်စုဝင်များနှင့် အခြားဘေးဖယ်ခံရသူများကို ဆုံးဖြတ်ချက်ချသည့် ပင်မကိုယ်ထည် အဖြစ်ပါဝင်စေသည်။<br>• ဆုံးဖြတ်ချက်ချသည့် ပင်မကိုယ်ထည်ကို ဖွဲ့တည်ရာတွင် အဖွဲ့ဝင်ရွေးချယ်ခြင်း၊ ရွေးကောက်တင်မြှောက်ခြင်း လုပ်ထုံးလုပ်နည်းများ။<br>• အဖွဲ့တစ်ဖွဲ့စီအတွက် သာတူညီမျှမှုရှိစေခြင်းဆိုင်ရာ သော့ချက်ကျသော ကိစ္စရပ်များ၊ မက်လုံးများ သို့မဟုတ် ပူးပေါင်းပါဝင်နိုင်ရေးကို ဟန့်တားထားည့် အရာများကို ဖော်ထုတ် သတ်မှတ်ခြင်း |
| ဆုံးဖြတ်ချက်ချခြင်း | • သစ်တောစီမံခန့်ခွဲခြင်း၊ ရင်းမြစ်များ ရယူသုံးစွဲခြင်းတို့အတွက် ဒေသခံဆုံးဖြတ်ချက်ချမှတ်သည့်အဖွဲ့က နည်းလမ်း၊ စည်းကမ်းများ၊ နည်းလမ်း၊ ဥပဒေများကို အဆင်သင့်ဖြစ်စေရမည်။<br>• အများပူးပေါင်းဆုံးဖြတ်ချက်ချမှတ်ရာတွင် (FPIC) အသိဗဟုသုတနှင့် အလေ့အထ။<br>• ဂျင်ဒါအယူအဆကို ပင်မလုပ်ငန်းများတွင်တသားတည်းထည့်သွင်းခြင်း နှင့် ဆုံးဖြတ်ချက် ချမှတ်ရာတွင်လူမှုအကျိုးဝင်ခြင်းကို မြင့်တင် ရေး၊သစ်တောရင်းမြစ်များကို လက်လုပ်မှီခြင်းနှင့် အကျိုးကျေးဇူးမျှဝေခြင်းယန္တရားများအတွက်နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများ၊တွေ့ဆုံစည်းဝေးသည့်အကြိမ်ရေ(တစ်နှစ် (သို့) တစ်လအတွင်း ကျင်းပသော အစည်းအဝေး) မည်မျှ ဆုံးဖြတ်ချက်ချသည့်အဖွဲ့က ခေါ်ယူသနည်း၊ စည်းဝေးမှတ်တမ်းများ။<br>• ယခင်အစည်းအဝေးများကချမှတ်ခဲ့သောဆုံးဖြတ်ချက်များကိုလိုက်လံလုပ်ဆောင်ခြင်း အတွက် အစီအစဉ်။<br>• ဖော်ထုတ်ပြောဆိုနိုင်သောနည်းလမ်းတစ်ရပ်ဖော်ဆောင်ခြင်းနှင့် ရပ်ရွာကိုအသိပေးခြင်း |
| ပွင့်လင်းမြင်သာခြင်း နှင့် သတင်း အချက်အလက်များ လက်လှမ်းမှီခြင်း | • သစ်တောအရည်အသွေးနိမ့်ပါးလာခြင်း နှင့် ပြုန်းတီးစေသော တွန်းအားပေးသည့် အရာများ အပါအဝင် သစ်တောစီမံခန့်ခွဲမှု၊ ယင်းသို့စီမံ လက်လှမ်းမှီခြင်း ငွေရေးကြေးရေး လုပ်ဆောင်ချက်များ၊ရံပုံငွေအရင်းမြစ်နှင့်အသုံး၊အကျိုးကျေးဇူးမျှဝေမှုနည်းလမ်းများ ရှိခဲ့လျှင်ယင်းတို့နှင့်ဆိုင်သော သတင်းအချက်အလက်များကိုလက်လှမ်းမှီခြင်း။<br>• REDD+၏အခွင့်အလမ်းစရိတ်၊ စိန်ခေါ်ချက်များ နှင့် ဆုံရှုံးနိုင်ခြေများအကြောင်း သတင်း အချက်အလက်များ။<br>• REDD+နှင့်သင့်တင့်မျှတစေခြင်းကိုတိုးမြှင့်လုပ်ဆောင်ရာတွင်ပါဝင်နိုင်မည့်ရပ်ရွာများ နှင့် အခြားပါဝင်ပါတ်သက်သူအလွှာစုံဖိုရမ်များ အကြောင်းအချက်အလက်များ။<br>• REDD+ စီမံချက် ဒီဇိုင်းဆွဲခြင်းနှင့်အကောင်ထည်ဖော်ခြင်းကိုများစွာသက်ရောက်စေနိုင်မည့် သစ်တောမြေအခြေပြု ဖွံ့ဖြိုးရေးစီမံ ချက်များအကြောင်း ဗဟုသုတများ။ |

**ဆက်စပ်ဆီလျော်သည့်သာတူညီမျှမှုရှိစေခြင်း**သည် ရှိပြီးသားအခြေအနေများ၊စွမ်းဆောင်ရည်များ နှင့် သဘာဝပါတ်ဝန်းကျင်များက ဖြန့်ဝေမှုနှင့်နည်းလမ်းကျနမှု သာတူညီမျှမှုရှိစေခြင်းများကို ပံ့ပိုးပေးသော အခြေအနေ ရှိမရှိကို ရည်ညွှန်းပါသည်။ ယင်းညွှန်းဆိုချက်အရ အခြေခံတစ်ရပ်အဖြစ် အထူးသဖြင့် REDD+ အတွက် သစ်တောရင်းမြစ်များစီမံခန့်ခွဲရာတွင် ပါဝင်ပါတ်သက်သူအမျိုးမျိုး၏ တာဝန်နှင့် ဝတ္တရားများ၊ ရင်းမြစ်များကိုလက်လှမ်းမီရယူခြင်းကို နှောင့်နှေးစေသည့် မူဝါဒများ၊ ဥပဒေများ[၆] နှင့် ဖြစ်စဉ်များ တို့ကို သိရှိရန် အရေးကြီးပါသည်။ ဆက်စပ်ဆီလျော်သည့်သင့်တင့်မျှတစေခြင်း အကန့်အသတ်များကို စောင့်ကြည့် လေ့လာ ရမည် အခြေအနေနှင့်လျော်ညီသည့် အောက်ပါ အဓိက သတ်မှတ်ချက်များကို စောင့်ကြည့် လေ့လာရမည်ဖြစ်ပါသည်။

| အဓိကကိစ္စရပ်များ | စောင့်ကြည့်လေ့လာရန်စုဆောင်းရမည့် သတင်းအချက်နှင့် အမျိုးအစား |
|---|---|
| လက်ရှိဒေသ သစ်တောစီမံခန့်ခွဲမှု အခြေအနေ | • လက်ရှိသစ်တောကိုစီမံခန့်ခွဲနေသော အင်စတီကျူးရှင်းများ အနေဖြင့် သစ်တောစီမံခန့်ခွဲမှုကိုမည်သူကဆုံးဖြတ်ချက်ချသည်။ အဘယ်ကြောင့် ထိုသူတို့ဖြစ်ရသည် နှင့် ၎င်းတို့က မည်သို့ဆုံးဖြတ်ကြသနည်း။<br>• အတားအဆီးများမှသည် အကျိုးဝင်စေခြင်းသို့-ဆိုလိုသည်မှာ ဤရပိုင်ခွင့် လက်လှမ်းမီမှု နှင့် ကန့်သတ်ချက်များ တွင် မည်သည်ကအခြေခံခြားနားစေသနည်း။ဆိုလိုသည်မှာ တိုင်းရင်းသားမျိုးနွယ်စု၊ကျားမခြားနားမှု၊အမျိုးဇတ်ပညာရေး နှင့် စာတတ်မြောက်မှု၊ အသက်အရွယ်၊ အသက်မွေးဝမ်းကြောင်းမှုနေရာဒေသ၊ မိသားစုအခြေအနေ၊ဘာသာကိုးကွယ်မှု၊လိင်ကွဲပြားမှု အစရှိသည်တို့ဖြစ်ကြပါသည်။ ဤသည်တို့သည် မတူ ကွဲပြားသည့်လူ့အုပ်စုတို့အား သင့်တင့်မျှတစေခြင်းအရေးကိစ္စတွင် မည်သို့ သက်ရောက်စေသနည်း။<br>• သစ်တောမြေနှင့်ရင်းမြစ်များအသုံးချပုံနှင့်စပ်လျဉ်းသည့် မျက်မှောက် ပဋိပက္ခဆိုင်ရာ အချက်အလက်များ။ |
| REDD+ စွမ်းရည် | • သစ်တောရင်းမြစ်များလက်လှမ်းမီမှု၊စီမံခန့်ခွဲမှုတို့နှင့်ဆက်စပ်သည့် မူဝါဒနှင့် ဥပဒေများကို အဓိကဆုံးဖြတ်ချက်ချသူများ၊ ရပ်ရွာအသိုက်အဝန်းများကြား နားလည်သိမြင်မှု၊ ဗဟုသုတအခြေအနေ။<br>• အမျိုးသမီးနှင့် ကလေးများအပါအဝင် ရပ်ရွာအတွင်းလူမှုစီးပွားအုပ်စု မတူသူများအကြား REDD+၊ရာသီဥတုပြောင်းလဲမှု နှင့် သစ်တောစီမံခန့်ခွဲမှုတို့နှင့်ပါတ်သက်သော ဗဟုသုတ၊ ယင်းတို့နှင့်ဆက်နွယ်သည့် ဥပဒေများ၊မူဝါဒများ နှင့် စီမံကိန်းများဆိုင်ရာ လက်ရှိဗဟုသုတများ။ |

၆ သီးသန့်ရည်ရွယ်ထားသောအကြောင်းတရားတစ်ရပ်အတွက် သို့မဟုတ် အစီအစဉ်တစ်ခုအတွက် သေချာဆုံးဖြတ်ထားသည့် အထူးသဖြင့် လူထုနှင့်ပါတ်သက်ပြီးပညာရေး သို့မဟုတ် အလှူဒါနသဘောလက္ခဏာပါရှိသည့် လုပ်ငန်း တစ်ရပ်ရပ်ကို ဆုံးဖြတ်ထားသည့် အဖွဲ့အစည်းတစ်ရပ်၊ထူထောင်မှုတစ်ရပ်၊ဖောင်ဒေးရှင်းတစ်ခု၊လူမှုအသိုက်အဝန်း သို့မဟုတ် အလားတူ အဖွဲ့အစည်း။



## မေးခွန်း(၁၀)

## သစ်တောအခြေပြုရာသီဉတုပြောင်းလဲမှု လျော့ချရေးလုပ်ငန်းများတွင် သာတူညီမျှမှုရှိစေခြင်း မြှင့်တင်ရေး ဆောင်ရွက်ရာတွင် RECOFTC ၏အခန်းကဏ္ဍမှာ အဘယ်နည်း။

(RECOFTC)- လူထုနှင့်သစ်တောဗဟိုဌာနက အခွင့်အရေးအခြေပြုချဉ်းကပ်မှု စည်းမျဉ်းစည်းကမ်းများကို အသိမှတ်ပြုလိုက်နာပါသည်။ အခွင့်အရေးအခြေပြုချဉ်းကပ်မှုဆိုသည်မှာ နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံနှုန်းများ၊ ရည်ရွယ်ချက်များကို ဖွံ့ဖြိုးရေးလုပ်ငန်း၏ဖြစ်စဉ်များ စီမံကိန်းများအတွင်း တစ်သားတည်းထည့်သွင်း လုပ်ဆောင်သည့်မူဘောင်တစ်ရပ်ဖြစ်ပါသည်။ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားလျှက် RECOFTC က သင့်လျော်သည့် သုတေသနနှင့် သင်တန်းဆက်စပ်ပစ္စည်းများကို ပြုလုပ် ထားပြီး သစ်တောအခြေပြု ရာသီဉတုပြောင်းလဲမှု လျော့ချစေခြင်းလုပ်ငန်းများတွင် လူမှုရေး သာတူညီမျှရှိစေခြင်း အယူအဆ နှင့်စည်းမျဉ်းများ တို့ကို သင်တန်းပို့ချပေးထားပြီးဖြစ်ပါသည်။ ရာသီဉတု ပြောင်းလဲမှု လျော့ချရေး လူမှုရေးသင့်တင့်မျှတစေခြင်းအယူအဆကို မြှင့်တင်ဆောင်ရွက်ရာတွင် အရေးပါသည့်ဒေသတွင်းကနဦးစတင်မှုနှစ်ရပ်ဖြင့် အရေးပါသည့်လုပ်ဆောင်ချက်ဖြင့် စတင်ပါသည်။ ယင်းကနဦး အရေးပါသည့် စတင်မှုနှစ်ခုမှာ Norad ကရံပုံငွေပံ့ပိုးသည့် အခြေခံလူတန်းစားများ REDD+ ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်းစီမံကိန်း နှင့် USAIDက ရံပုံငွေပံ့ပိုးသည့် မဲခေါင်စိမ်းလန်းရေးအစီအစဉ်တို့ ဖြစ်ပါသည်။ ယင်းအစီအစဉ် နှစ်ရပ်စလုံးမှာ ပထဂီအနေအထား၊ချဉ်းကပ်နည်းလမ်း နှင့် ဦးတည်အုပ်စု ထားရှိပုံတို့အရ တစ်ခုနှင့် တစ်ခု အပြန်အလှန်အထောက်အကူပြုပါသည်။ မဲခေါင်ဒေသ ၃ နိုင်ငံ (လာအို၊ မြန်မာ၊ ဗီယက်နမ်) တို့သည် ယင်းစတင်မှုနှစ်ရပ်စလုံးအတွက် ဘုံတူညီမှုရှိကြသည့်အပြင် အခြေခံ လူတန်းစားများ REDD+ ဆိုင်ရာစွမ်းဆောင် ရည်မြှင့်တင်ခြင်းစီမံကိန်းက အင်ဒိုနီးရှားနှင့်နီပေါလ်ကို ရည်ရွည် ပြီး မဲခေါင်စိမ်းလန်းရေးအစီအစဉ်က ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့ကို ရည်ရွယ်ထားပါသည်။ စတင်မှုနှစ်ရပ်စလုံးက အပြန်အလှန်ထောက်ကူပြီး ထပ်ဆင့်ဂေမျှစေမည့်ချဉ်းကပ်မှုတစ်ရပ်ကို အကောင်အထည်ဖော်လုပ်ငန်းစဉ် တွင် ရယူအသုံးပြုကြပါသည်။ အခြေခံလူတန်းစားများ REDD+ ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်းကျေးလက်မှ မြို့နယ်၊ခရိုင်အဆင့်ကို အလေးထား ဆောင်ရွက်ပြီး မဲခေါင် စိမ်းလန်းရေးက တိုင်းဒေသကြီး၊ပြည်နယ်မှတဆင့် မဲခေါင်ဒေသတွင်း အဆင့်သို့ အလေးထားပါသည်။

ဦးတည်အုပ်စုများအနေဖြင့် မဲခေါင်းစိမ်းလန်းရေး၏ အဓိကဦးတည်ထားပြီး တိုင်းနှင့်ပြည်နယ် အဆင့်အစိုးရအရာရှိများ နှင့် အောက်ခြေကျေးလက်ဖြင့်လက်တွဲလုပ်ကိုင်နေကြသော လူမှုအဖွဲ့အစည်း များဖြစ်ကြပြီး အခြေခံလူတန်းစားများ REDD+ ဆိုင်ရာစွမ်းဆောင် ရည်မြှင့်တင်ခြင်း စီမံကိန်းကမူ သစ်တောမှီခိုရပ်ရွာများ၊ ဒေသအဆင့်အစိုးရများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အထူးသဖြင့် အမျိုးသမီးများ၊ တိုင်းရင်းသားအုပ်စုများ၊ စာနယ်ဇင်းသမားများ၊ ဆရာ/ဆရာမများ၊ ကျောင်းသားများနှင့် လူငယ် အုပ်စုများကိုဦးတည်လုပ်ဆောင်ပါသည်။ အသိအမြင်တိုးတက်စေခြင်း၊ သင်တန်းပေးခြင်း နှင့် စွမ်းဆောင်ရည်ဖွံ့ ဖြိုးမှုလုပ်ငန်းများမှာ အခြေခံလူတန်းစားများ REDD+ ဆိုင်ရာစွမ်းဆောင်ရည် မြှင့်တင်ခြင်း စီမံကိန်း၏ အလေးထားလုပ်ငန်းများဖြစ်ကြပါသည်။ မဲခေါင်စိမ်းလန်းရေးကမူ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကဲ့သို့သောဒေသအဆင့်အဖွဲ့အစည်းများ၏မူဂါဒလုပ်ငန်းများနှင့်အတူနိုင်ငံအဆင့်၊ဒေသတွင်းအဆင့် လုပ်ငန်းများကို အလေးပေး လုပ်ဆောင်ပါသည်။ ဤအဆင့်စုံစုပေါင်းချဉ်းကပ်မှုက အောက်ခြေ ကျေးလက်အကျိုးပါတ်သက်သူ များ၏ အပြန့်ကျယ်သည့်အခြေခံများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုကို ကူညီပေးရုံသာမက (အခြေခံလူ တန်းစားများ REDD+ ဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း) အောက်ခြေကျေးလက်အကျိုးပါတ်သက်သူများနှင့် နိုင်ငံအဆင့်နှင့်ဒေသတွင်းအဆင့် စီမံချက်အကောင်ထည်ဖော်ဆောင်ရွက်သူများ၊ မူဂါဒချမှတ်သူများဖြင့် အရေးပါသောချိတ်ဆက်မှုတစ်ခု (မဲခေါင်စိမ်းလန်းရေးအစီအစဉ်ကို



ထောက်ကူပေးပါသည်။ သို့ ဖြစ်၍ အာရှပစိဖိတ်ဒေသတွင်း သစ်တော၊ရာသီဥတုပြောင်းလဲမှုနှင့် REDD+ လုပ်ငန်းစဉ်တို့တွင် လူမှုရေးသင့်တင့်မျှတစေခြင်းစည်းမျဉ်းများကို တိုးမြှင့်လုပ်ဆောင်ခြင်းအတွက် ပေါင်းစည်း စွမ်းအင်တစ်ရပ်ကို ပေါ်ထွက်လာစေပါသည်။

ဤအမေးအဖြေစာအုပ်မဖြစ်မြောက်မီက အစီအစဉ်နှစ်ခုစလုံးကပူးပေါင်းပြီး သင်တန်းလက်စွဲစာအုပ် တစ်အုပ်ကို ရေးဆွဲထားပြီး ဖြစ်ပါသည်။ ယင်းမှာ သစ်တောနှင့်ရာသီဥတုပြောင်းလဲမှုအခြေအနေတွင် အောက်ခြေကျေးလက်သာတူညီမျှမှုရှိစေခြင်းကို တိုးတက်စေခြင်းဆိုင်ရာ သင်တန်း လက်စွဲဖြစ်ပြီး သစ်တော၊ ရာသီဥတုပြောင်းလဲမှုနှင့် REDD+ လုပ်ငန်းစဉ်ပါ သင့်တင့်မျှတစေခြင်း၏ အဓိကကျသော အမြင်များကို လိုရင်းတိုရှင်းတင်ပြထားပါသည်။ ယခုစာအုပ်ပါ ယင်းလုပ်ငန်းစဉ်သ  သဘောတရားများမှာ သင်တန်း လက်စွဲကို အပြန်အလှန်ထောက်ကူပေးနိုင်စေရန်ဖြစ်ပါသည်။ http://www.recoftc.org/training-manuals-andguides/improving-grassroots-equity-forests-and-climate-change-context-training Equity နှင့်ပါတ်သက်ပြီးပိုမိုသိရှိလေ့လာလိုပါက အောက်ဖော်ပြပါ ဝက်ဘ်ဆိုဒ်များတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

- *grassroots equity portal: http://www.recoftc.org/project/green-mekong/project/grassroots-equity-portal*
- *gender equity video: http://www.recoftc.org/project/green-mekong/videos/videowhat-gender-equity*
- *gender equity booklet: http://www.recoftc.org/project/grassroots-capacitybuilding-redd/q-and/gender-redd-qa-handbook*
- *GREEN Mekong Program: http://www.recoftc.org/project/green-mekong*
- *REDD+ Grassroots Project: http://www.recoftc.org/project/grassroots-capacitybuilding-redd*



RECOFTC

THE CENTER FOR
PEOPLE AND FORESTS

RECOFTC မစ်ရှင်မှာ အာရှနှင့် ပစိဖိတ်ဒေသအတွင်းရေရှည်တည်တံ့သော သစ်တော ဖုံးလွှမ်း မြင်ကွင်းဧရိယာများအတွင်း ဒေသခံများအတွက် ပိုမိုမျှတသည့် အကျိုးကျေးဇူး များ၊ ပိုမိုတိုးတက်လာသည့်စီမံအုပ်ချုပ်မှု နှင့် ပိုမိုအား ကောင်းခိုင်မာသော အခွင့်အရေး များရရှိစေရေး စွမ်းဆောင်ရည်များကို တိုးပွားစေရန်ဖြစ်ပါသည်။
RECOFTC က သစ်တောကဏ္ဍတွင်အထူးပြုပြီး အရေးပါသောနေရာတစ်နေရာကို ရရှိ ထားပါသည်။ အစုအဖွဲ့ပိုင်သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် စွမ်း ဆောင်ရည် မြှင့်တင်ပေးခြင်းကို အထူးသီးသန့်လုပ်ဆောင်သည့် တစ်ခုတည်းသော အကျိုးအမြတ်တွက်မဟုတ်သော နိုင်ငံတစ်ကာအဖွဲ့အစည်းတခုဖြစ်ပါသည်။RECOFTC က အစိုးရ နှင့် အစိုးရမ ဟုတ်သောအဖွဲ့အစည်းများ၊လူမှုအဖွဲ့အစည်းများ၊စီးပွားရေးကဏ္ဍ၊ ဒေသခံလူထု၊သုတေသနနှင့်ပညာရေးအဖွဲ့အစည်း များဖြင့်တွဲဖက်ကာ မဟာဗျူဟာ မူဘောင်များနှင့် ထိရောက်သည့်မိတ်ဖက်ပြုခြင်း တို့တွင်အာရှ-ပစိဖိတ်တစ်ခွင်နှင့် ယင်း ဒေသကို ကျော်လွန်ပြီး ချိတ်ဆက် ဆောင်ရွက်ပါသည်။ ၂၅ နှစ်ကျော် နိုင်ငံတကာ အတွေ့အကြုံများနှင့် သုတေသနပြုလုပ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်း၊ သရုပ်ပြဆိုဒ်များနှင့် သင်တန်းမှရရှိသောထုတ်ကုန်များအပါအဝင် စွမ်းဆောင်ရည်မြှင့်တင် တည်ဆောက်ရာ တွင် တက်ကြွလှုပ်ရှားချဉ်းကပ်မှုရှိသည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် RECOFTCက လူထုနှင့်သစ်တောအတွက် တီထွင်ဆန်းသစ်မြဲ ဖြေရှင်းချက်များကို ဖော်ဆောင်ပေးပါ သည်။

RECOFTC- လူထုနှင့်သစ်တောဗဟိုဌာန
စာတိုက်သေတ္တာအမှတ် ၁၁၁၁
Kasetsart စာတိုက်ရုံး
ဘန်ကောက် ၁၀၉၀၃၊ ထိုင်းနိုင်ငံ
တယ်လီဖုန်း (၆၆-၂) ၉၄၀-၅၇၀၀
ဖက်စ် (၆၆-၂) ၅၆၁ -၄၈၈၀
info@recoftc.org
www.recoftc.org

Printed on recycled paper